


# မြန်မြန်အားထုတ်ကြပါ
# ရက်ရွှေ့နေရင်မှားတယ်

၁၈၈

ဟောကြားသည့်နေ့
(၇-၇-၆၂) (နံနက်)

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ဟောကြားတော်မူသောတရားတော်

# မြန်မြန်အားထုတ်ကြပါ
# ရက်ရွှေ့နေရင် မှားတယ်

ဟောကြားသည့်နေ့
(၇-၇-၁၉၆၂) (နံနက်)

စာမူခွင့်ပြုချက် အမှတ်   -  ၃၁/၉၆ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -  ၃၁/၉၆ (၁၀)

**ထုတ်ဝေသူ**  ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ**  ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊  လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားတော်မူသော တရားတော်

# မြန်မြန်အားထုတ်ကြပါ ရက်ရွှေ့နေရင် မှားတယ်

ဟောကြားသည့်နေ့ (၇-၇-၆၂) (နံနက်)

ကဲ. . . တရားမှတ်ကြ . . .

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ်၊ သစ္စာမသိလို့ရှိရင်ဖြင့် အိုဘေး၊ နာဘေး၊ သေဘေးဆိုတဲ့ သံသရာကြီးဟာ ဘယ်တော့မှ မပြတ်တော့ဘူးဆိုတာ ဒကာ ဒကာမတို့ မှတ်ထားကြပါ။

သစ္စာမသိသရွေ့ ကာလပတ်လုံးဘာပဲလုပ်လုပ်၊ ဘာပဲလှူဒါန်း ပေးကမ်းပြီး သကာလနေစေကာမူ၊ သစ္စာမသိသေးလို့ရှိရင်ဖြင့်ဒုက္ခခပ်သိမ်း မငြိမ်းသေးဘူးဆိုတာ သေသေချာချာ

မှတ်ကြပါ၊ သစ္စာမသိသေးရင် ဒုက္ခခပ်သိမ်း မငြိမ်းသေးဘူး ဆိုတာ သေသေချာချာ မှတ်ကြပါ၊ နားလည်ကြပလား . . . (မှန်ပါ့ဘုရား)။

## သစ္စာမသိရင်ဒုက္ခရှာပါလိမ့်မယ်

သစ္စာမသိရင် ဘာဖြစ်မလဲဘုရားလို့ မေးတဲ့အခါကျ တော့၊ သစ္စာမသိလို့ရှိရင် ဒုက္ခရှာပါလိမ့်မယ်ဆိုတာကို ဆုံးဖြတ် ချက်ချပါ၊ သစ္စာမသိရင် ဘာရှာမယ်ထင်ကြသတုံး . . . (ဒုက္ခရှာပါလိမ့်မယ်) ဒုက္ခရှာမယ်ဆိုတာ ဒကာ ဒကာမတွေ သေသေချာချာမှတ်ပါ - ဒီမှာကြည့်ပါ၊ အဝိဇ္ဇာဆိုတာ သစ္စာ ကို မသိတာ၊ အဝိဇ္ဇာဆိုတော့ . . .

'ဒုက္ခေအညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခ နိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ အညာဏံ' လို့ ဆိုတော့ သူက သစ္စာလေးပါးလုံး မသိတဲ့တရား။

အဝိဇ္ဇာ ဘာခေါ်ကြမယ် . . . (သစ္စာလေးပါးလုံး မသိတဲ့တရား) သစ္စာလေးပါး မသိတဲ့တရားလို့ သေသေချာချာ မှတ်ပါ။

အဲဒီတော့ သစ္စာလေးပါး မသိတဲ့တရားဆိုတော့ ဒကာ ဒကာမတွေက ဩော် . . . သစ္စာလေးပါးမသိဘူး၊ မသိတဲ့ ပုဂ္ဂိုလ်ဟာတဲ့ လမ်းသွားချင်သလို သွားပါလိမ့်မယ်၊ လမ်းသွား

ချင်သလို သွားတဲ့အခါကျတော့ ဒီသင်္ခါရဆိုတာ လုပ်ပါလိမ့်မယ်။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတာ ဒကာ ဒကာမတို့ သင်္ခါရက ခင်ဗျားတို့လူ့ဘဝ၊ နတ်ဘဝလိုချင်လို့လုပ်တဲ့ကုသိုလ်၊ ပစ္စုပ္ပန်ချမ်းသာချင်လို့ လုပ်တဲ့ကုသိုလ်၊ ဒါ သင်္ခါရအလုပ် . . . (မှန်ပါ့ဘုရား)။

## လိုချင်လို့လုပ်တဲ့ကုသိုလ်

လူ့ဘဝ၊ နတ်ဘဝ လိုချင်လို့လုပ်တဲ့ကုသိုလ်လည်းဘာတုံး . . . (သင်္ခါရပါဘုရား)၊ သင်္ခါရပဲတဲ့၊ ယခုဘဝချမ်းသာ ချင်လို့ လုပ်တဲ့ကုသိုလ်တွေကော . . . (သင်္ခါရပါဘုရား)။

ဩော်. . . ဒါဖြင့် ဒီ သင်္ခါရသည် ဒကာ ဒကာမတို့၊ မသိတဲ့ပုဂ္ဂိုလ်လုပ်တာ . . . (မှန်ပါ့ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီ) ဘယ်သူလုပ်တာပါလိမ့် . . . (မသိတဲ့ပုဂ္ဂိုလ်လုပ်တာပါဘုရား)။

မသိတဲ့ပုဂ္ဂိုလ် လုပ်တာတဲ့၊ ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့၊ မသိတဲ့ပုဂ္ဂိုလ်လုပ်တာဖြင့် မှန်လိမ့်မယ် . . . မှားလိမ့်မယ်ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဘာမှစစ်ဆေးနေစရာမလိုတော့ပါဘူး၊ အမှားချည်းပဲ . . . အမှား

ချည်းပဲလို့သာ ဆုံးဖြတ်ချက်ချပါ။ မသိတဲ့ပုဂ္ဂိုလ်လုပ်တာဟူသမျှ ဘယ့်နှယ် ဆိုကြမယ် . . . (အမှားချည်းပါဘုရား)။

ဒါကြောင့် မသိတာက . . သူ၊ မှားတာက ဒီအလုပ်၊ မသိလို့လုပ်ပါတယ်။

## မသိတာကအဝိဇ္ဇာ

မြန်မာလိုပြန်တော့ မသိတာက အဝိဇ္ဇာ, ပြုလုပ်တာက သင်္ခါရ၊ သင်္ခါရဆိုတာ ပြုလုပ်တာ၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား) ဦးမြကြီး ရှင်းပြီလား . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သူဘာတွေလုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အဝိဇ္ဇာနဲ့သင်္ခါရ လုပ်တယ်လို့ ဒကာ ဒကာမတွေက ယူတော့ကို ဒီလိုရှိတယ်၊ သမုဒယသစ္စာ သူလုပ်တယ်၊ ပေါ်ကြပလား . . . (ပေါ်ပါတယ်) ဘာသစ္စာလုပ်တာတုံး . . . (သမုဒယသစ္စာလုပ်တာပါ)။

သမုဒယသစ္စာလုပ်ရင်တော့ ဒုက္ခသစ္စာလာရတော့မယ် . . . (မှန်ပါ့) မလာပါနဲ့ဆိုလို့ ရသေးရဲ့လား . . . (မရပါ)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သစ္စာမသိဘဲနဲ့ လုပ်တဲ့ပုဂ္ဂိုလ်ဟူသရွေ့သည်၊ ဒီသစ္စာရလိမ့်မယ်ဆိုတာကို မသိတော့ ဒီသမုဒယသစ္စာဟာ အဝိဇ္ဇာသင်္ခါရကိုး၊ သေသေ

ချာချာလုပ်တယ် . . . (မှန်ပါ့) လွဲလိုက်တာမှ ချော်ကုန်တာပဲ၊ မချော်ဘူးလား . . . (ချော်ပါတယ်ဘုရား)။

သေသေချာချာချော်နေပြီတဲ့၊ အဲဒါကို ဆရာရင်း သမားရင်းမို့ ပြောဆိုနေတယ်လို့သာ အောက်မေ့ပါ၊ အစစ်တရားဆိုလို့ရှိရင် ခင်ဗျားတို့ အားကိုးအားထားတွေကို အကုန်အသားယူပြီး မပြောနိုင်ဘူး၊ အစစ်တရားကိုသာ ပြောရမယ် . . . (မှန်ပါ့) အစစ်တရားကို ပြောရမှာဖြစ်တော့ ဒကာဒကာမတွေ ငဲ့ဟောလို့မရတော့ဘူး . . . (မှန်ပါ့ဘုရား)။

## မသိလို့လုပ်တာက သင်္ခါရ

ငဲ့တရားဆိုရင် အမှားချည်းပဲလို့ ဆုံးဖြတ်ချက်ချပါ၊ ကဲ ဒါဖြင့် သစ္စာမသိတာက အဝိဇ္ဇာ၊ မသိလို့လုပ်တာက ဘာဆိုကြမတုံး . . . (သင်္ခါရပါ) သင်္ခါရဆိုတော့ သူ ဘာသစ္စာလဲ. . . (သမုဒယသစ္စာ) သမုဒယသစ္စာ၊ ရှင်းကြပလား . . . (မှန်ပါ့) ဘာသစ္စာလဲ . . . (သမုဒသစ္စာပါဘုရား)။

ဩော် . . . ခင်ဗျားတို့မို့ လုပ်ရဲပါပေတယ်လို့ သမုဒယသစ္စာဆိုတာအကြောင်းတရားဖြစ်သောကြောင့် ဟောဒီပစ္စုပ္ပန်အကျိုးဖြစ်တဲ့ဒုက္ခသစ္စာ အသေအချာရမယ် . . . (မှန်ပါ့)။

ဘယ်သူလုပ်တာတုံးကွ၊ ဒီဒုက္ခသစ္စာကြီးဆိုတော့ မသိတဲ့ ပုဂ္ဂိုလ်လုပ်လို့ရတဲ့ဒုက္ခသစ္စာ . . . (မှန်ပါ့) ဘယ်လိုဆိုကြမလဲ . . . (မသိတဲ့ပုဂ္ဂိုလ်လုပ်လို့ရတဲ့ ဒုက္ခသစ္စာပါဘုရား)။

မသိတဲ့ပုဂ္ဂိုလ် လုပ်လို့ရတဲ့ ဒုက္ခသစ္စာဆိုသဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ မသိတာက . . . (အဝိဇ္ဇာ)။

## အကန်းလမ်းသွားတာ

အဝိဇ္ဇာ မြန်မာလိုတော့ အကန်းပေါ့ . . . (မှန်ပါ့) အကန်းလမ်းသွားတာကွ၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရဆိုတဲ့ ဘုံဘဝကောင်း တောင့်တလုပ်တဲ့ကုသိုလ်နဲ့ သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်နေတဲ့ အကုသိုလ်၊ အဲဒီတော့ သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်နေတာက တို့ ဝတ္တရားပဲလို့ များ အောက်မေ့မနေပါနဲ့၊ 'ကိုယ့်သက်တမ်း အလကားဖြုန်းပြီး အမိုက်ခံရဲနေတာလို့' ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့ဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ . . . အမိုက်ခံရဲနေတာလို့ ဆုံးဖြတ်ချက်ချပါ။ နာလဲမနာကြနဲ့နော် ဒကာ ဒကာမတွေ (မနာပါဘုရား) အမှန်ကို ပြောနေတာ . . . (မှန်ပါ့)။

ခင်ဗျားတို့ အမှန်ကို မတွေ့ရသရွေ့ ကာလပတ်လုံး ဟာဖြင့် အမြှောက်တရားနဲ့ အခြောက်တရားဆိုရင်သွားပြီ။

အခြောက်တရားက အပါယ်နဲ့ခြောက်တာ၊ ကယ်လည်း ပေးတာမဟုတ်ဘူး၊ အလကားခြောက်နေတာ။

အမြှောက်တရားက နတ်ရွာသုဂတိနဲ့ မြှောက်တာ၊ သစ္စာမသိလို့မြှောက်တာ။

ကောင်းပြီ. . . ဒါဖြင့် ခင်ဗျားတို့ ရှေ့ဘဝက မိုက်ခဲ့တာလား၊ လိမ္မာခဲ့တာလားဆိုတော့ မေးဖို့ မလိုတော့ဘူး . . . . (မလိုတော့ပါဘူးဘုရား)၊ အကန်းလမ်းသွားခဲ့တယ်ကွ၊ ဒကာ ဒကာမတွေ ဘယ့်နှယ်တုံး . . . (အကန်းလမ်းသွားခဲ့ပါတယ်ဘုရား)။

အကန်းလမ်းသွားတဲ့အခါကျတော့ ဟောဒီ ဝိညာဏ်ဆိုတဲ့ ဥစ္စာရပါသတဲ့၊ ဟောဒီစပ်ဖို့ရာ မြားကလေးက ပြနေတယ်၊ မြားကလေးက ပြသွားတဲ့ဥစ္စာ ဒီမှာ စပ်ပါပြီတဲ့။

ဝိညာဏ်ဆိုတာ ပဋိသန္ဓေကိုဆိုပါတယ်၊ ပဋိသန္ဓေ ဝိညာဏ်ကိုဆိုပါတယ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပေါင်းလိုက်တဲ့အခါကျတော့ ခန္ဓာငါးပါးလို့ သာမှတ်ကြစမ်းပါ။

ဒါဖြင့် အကန်းလမ်းသွားလို့ ချော်လဲတာကွ၊ ရိပ်မိကြပလား . . . (မှန်ပါ့ဘုရား) အကန်းလမ်းသွားလို့ ဒုက္ခသစ္စာကွ၊ ဒုက္ခ ဒုက္ခထဲ လဲတာ၊ ဦးမာဒင်ကြီး ဘာတုံး . . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခထဲ လဲတယ်ဆိုကတည်းက ခင်ဗျားတို့ ကယ်မည့် ယူမည့်သူ မပါတော့ဘူး . . . (မပါ-ပါဘုရား)။

## လူ့ဘဝအရတော်လှပြီတဲ့

ဘယ်အခါမှာလာလဲသတုံးမေးတော့ ဦးမာတင်က ပစ္စုပ္ပန်အကျိုးကွ. . . တဲ့၊ ပစ္စုပ္ပန်ဘဝမှာ လာလဲတာ။

ခင်ဗျားတို့က လူ့ဘဝ တော်လှပြီဆိုနေတယ်၊ သစ္စာနဲ့ဖွဲ့လိုက်တော့ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

ဘယ်တော်ရမလဲ၊ တော်ပါ့မလား . . . (မတော်ပါဘုရား) ဟာ. . . တပည့်တော်တို့ ဘုရား အင်မတန် အကြောင်းညီညွတ်နေတာဘုရာ့၊ စီးပွားရေးရော သားရေး၊ မယားရေးရော။ အို . . . ဒုက္ခတွေဝိုင်းနေတာ အကြောင်းညီညွတ်နေတယ်ဆိုတာ ဒီအဝိဇ္ဇာဘက် မမြင်လို့ ပြောနေတာ၊ ဒီအဝိဇ္ဇာက ပစ္စုပ္ပန်ဘဝပါလိုက်လာလို့ မမြင်လို့ ပြောနေတာ၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲဒါ ဒီမှာ ဒကာ ဒကာမတို့ . . . အကန်းလမ်းသွားတယ်၊ ဟောဒီမှာလဲတယ်။

လဲတယ်ဆိုတာ ပဋိသန္ဓေနေရတာပါ၊ ဇာတိပိ, ဒုက္ခာ . . . (ဒုက္ခသစ္စာပါဘုရား)။

ဇာတိပိဒုက္ခသစ္စာ ဆိုကတည်းကိုက ဒကာ ဒကာမတို့ သိတဲ့အတိုင်းတဲ့၊ ငါတို့သည် ပဋိသန္ဓေဝိညာဏ်တော့ကျော်ခဲ့ပြီ၊ ယခု နာမ်ရုပ်နဲ့နေကြတယ်။

## နာမ်ရုပ်ဆိုတာ အနာရတာ

နာမ်ရုပ်ဆိုတာက လဲလို့ ဒကာ ဒကာမတို့ အနာရတာ၊ အနာရတော့ ဟောဒီ သဠာယတနဆိုတာ ငန်းဖမ်းပြီး

ပြည်တွေတည်လာတယ်၊ ဖဿဆိုတာက အနာရှိတဲ့ပုဂ္ဂိုလ် ဆူးထိုးမိတာ၊ ဝေဒနာဆိုတာက ဒကာ ဒကာမတွေမှာ ဆရာဝန်ခေါ်ရတဲ့နေရာရောက်ပါပြီ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် မသိတဲ့ပုဂ္ဂိုလ် လမ်းသွားလိုက်တာ ချော်လဲတယ်၊ အနာရတယ်၊ ပြည်တည်တယ်၊ ဆူးတွေထိုးမိတယ်၊ ဝေဒနာမျိုးစုံ ခံစားရတယ်၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ) ပေါ်ကြပြီတဲ့။

ဒါဖြင့် ဩော် . . . ဘာသစ္စာတွေထဲမှာ တို့ ယခုရောက်နေပါလိမ့်မတုံးလို့မေးတဲ့အခါကျတော့မှ ဒီသစ္စာထဲရောက်နေတယ်လို့ ဒီအထဲမှာ ညွှန်ပြတယ် . . . (တင်ပ့ါ)။

(ဤနေရာ၌ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို ထောက်ပြသည်။)

သဘောပါလား . . . (တင်ပ့ါ) ဘယ်သစ္စာထဲရောက်နေသတုံး . . . (ဒုက္ခသစ္စာထဲရောက်နေပါတယ်ဘုရား) အဲဒါမင်းတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သူ့ဟာသူရောက်လာတာလား၊ မသိလို့ ပြုချင်တဲ့ကုသိုလ်တွေကိုပြု၊ မလုပ်ကောင်းတဲ့ အကုသိုလ်တွေလုပ်လို့ ရတာလားလို့ မေးကြည့်ပါ . . . (မလုပ်ကောင်းတာတွေလုပ်လို့ပါဘုရား)။

ဒကာ ဒကာမတွေ ကုသိုလ်ပေမယ့် လုပ်ကောင်းတာ

မလုပ်ကောင်းတာရှိသေးတယ် . . . (တင်ပ့ါ)၊ နိဗ္ဗာန်ရောက်တဲ့ကုသိုလ်ရှိတယ် . . . (မှန်ပ့ါဘုရား) မရောက်တဲ့ကုသိုလ်က . . . (ရှိပါတယ်ဘုရား) ရှိသေးတယ်ဆိုတာ သဘောပါလား (ပါ-ပါပြီဘုရား)။

ကဲ. . . သဘောပါလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဒါတွေမသိတဲ့ပုဂ္ဂိုလ်ပြုလုပ်ကြသည်။ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ၊ သင်္ခါရကို မသိမှာစိုးတဲ့အတွက်တဲ့၊ မင်းတို့ ဟောဒီ အနီကြောင်းကလေးကြည့်လိုက်တော့ ဘာပေါ်လာသလဲ . . . (ကမ္မဝဋ်နှစ်ပါး)။

ဝဋ်လို့ခေါ်ပါတယ်၊ ကမ္မဝဋ်တဲ့ . . . ဦးမြကြီး. . . ဘာတဲ့တုံး . . . (ကမ္မဝဋ်) ခင်ဗျားတို့ကလည်း ကံကောင်းချင်လိုက်တာလွန်နေတာပဲ၊ ဝဋ်သင့်ချင်တာကိုး ၊ ဒကာ ဒကာမတွေ . . . ကံများကောင်းချင်သေးသလား. . . (မကောင်းချင်တော့ပါ) မကောင်းချင်တော့ဘူး။

ဒကာ ဒကာမတို့က အကြောင်းတိုက်ဆိုင်လို့ရှိရင် ခင်ဗျားတို့လူစုက တပည့်တော် ကံဇာတာကလေးများ ဘယ့်နှယ်နေသေးသတုံး . . . လို့ မမေးနဲ့။

## ကိုယ့်စန္ဒာကပြောတာသာယုံပါ

ဒီထဲနေတာ ဒုက္ခသစ္စာထဲနေတာ၊ ကံဇာတာမေးမနေနဲ့

(တင်ပ့ါဘုရား) ဘယ်ဗေဒင်က ဟောဟော မယုံနဲ့၊ ဘုရား ဟောတာသာယုံ . . . (တင်ပ့ါ) ကိုယ့်ခန္ဓာက ပြောတာယုံပါ၊ ဘာသစ္စာထဲရောက်နေသလဲ . . . (ဒုက္ခသစ္စာထဲ ရောက်နေ ပါတယ်ဘုရား)။

ဒါကို ခင်ဗျားတို့က ဗေဒင်ဆရာ ပိုက်ဆံကုန်ခံ မေးနေ ရတာက အတော်ဆိုးနေတယ်၊ ရောက်တာက မြင်တဲ့အတိုင်းပဲ၊ ဝိပါက ဝဋ်ထဲရောက်မနေဘူးလား၊ ဒါက ဝိပါကဝဋ်၊ သဘော ကျပလား . . . (ကျပါပြီဘုရား)။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာတွေ ပ်ာတဲ့၊ ခင်ဗျားတို့ ဒီက ရှေးဘဝက မသိလို့ လုပ်ခဲ့လို့ ဟောဒီ အကျိုးပေးတာ၊ ပေးမှ ပေးပ့ါမလားဆိုတော့ ဟောဒါနဲ့ ဟောဒါ မင်းတို့စပ်တယ်ကွတဲ့ . . . (တင်ပ့ါ) ဒီအစပ်ကလေး က မပြဘူးလား . . . (ပြပါတယ်) သဘောပါကြရဲ့လား . . . (ပါ-ပါပြီ)။

(ဤနေရာ၌ စက်ဝိုင်းပြ၍ဟောတော်မူသည်)။

ကောင်းပြီ၊ ဒါဖြင့် သခင်ဝတင်ကြီး ဘယ်အထဲမှာလိမ့် မတုံး မေးတော့ တပည့်တော်က ဘုရားဒီအထဲမှာ ရောက်နေ ပါတယ်' လို့ပြောဖို့၊ ဘာသစ္စာထဲရောက်နေသတုံး . . . (ဒုက္ခ သစ္စာ) ဘယ်ကာလက ပါလိမ့်မတုံးမေးတော့ . . . (ပစ္စုပ္ပန် ကာလ)။

ပစ္စုပ္ပန်ကာလ၊ အလကား ဘိုကေဖိုးနေပေမယ့် ဒုက္ခရောက်နေတယ်၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဘာမျှအသုံးမကျဘူး၊ ခင်ဗျားတို့ ဒုက္ခရောက်နေတာမှ တစ်ပါးဘာမျှမရှိဘူး၊ ရှင်းပလား။

## ပစ္စုပ္ပန်မှာမိုက်လက်စသိမ်းရမယ်

ကိုင်း . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာတဲ့ ပစ္စုပ္ပန်ဘဝကို ဒီနေရာမှာ မိုက်လက်စ သိမ်းရမယ်၊ ကိုယ့်အကျိုးပေးက ဆိုးရွားနေလို့၊ ဒီနေရာမှာ မိုက်လက်စ သိမ်းရမယ်။

ဒီနေရာမှာ မသိမ်းတော့ပါဘူးဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ဟောဒီ သမုဒယသစ္စာပြန်လုပ်မယ်၊ ဒါပြန်လုပ်မယ်၊ ၃-နံပါတ်ပြန်လုပ်မယ်၊ ဒါ ၁၊ ဒါ ၂၊ ဒါ ၃ ပြန်လုပ်မယ်၊ မလုပ်ပေဘူးလား။

ဘယ်လိုလုပ်မတုံးဆိုတော့ ဝေဒနာက၊ ဥပမာ သုခဝေဒနာဆိုပါတော့၊ တိုက်နဲ့, တာနဲ့, စိန်နဲ့, ရွှေနဲ့, မြနဲ့ သုခဝေဒနာဆိုပါတော့၊ သုခဝေဒနာကိုယ့်ဝေဒနာကလေး၊ ဩော် . . ဒီဘဝ လူဖြစ်ရတာ ဒီလိုစီးပွားနဲ့ ဒီလိုသားမယားနဲ့ ဒီလိုအနေအထိုင်နဲ့ဆိုရင် တော်သေးရဲ့ဆိုတာ စဉ်းစားလာဦးမယ်. . .။ တဏှာလာပစ်လိုက်တာ မလာဘူးလား . . . (လာပါတယ်ဘုရား)။

တဏှာလာလို့ရှိရင် ဥပါဒါန်ကနေရစ်ပါဦးမလား. . . (မနေရစ်ပါဘုရား) မနေရစ်လို့ရှိရင်ဖြင့် ခင်ဗျားတို့ ကာယကံ ဝစီကံနဲ့ သတ္တုတွင်းတူးပေ့ါဗျာ၊ လှစက်တွေတည်၊ ပြုတ်ဆန် တွေ ပြုတ်ပေ့ါ။

ဒါတွေ လုပ်တော့ကို ဒီမှာ ဝေဒနာကို ခင်ဗျားတို့က မနိုင်တဲ့အတွက် ဒီမှာ တဏှာ ဥပါဒါန် ကမ္မဘဝ လာပြန် တယ်။

ဒါက ဒီမှာမိုက်လို့ အကျိုးပေးထားတဲ့ဥစ္စာ . . . မသိ တာကြောင့် ဒါတွေ ပြန်လုပ်ပြန်တယ်၊ မလုပ်ဘူးလား. . . (လုပ်ပါတယ်ဘုရား)။

## မိုက်မှန်းမသိလို့ထပ်မိုက်တာ

ဒါဖြင့် ဒီမှာအကျိုးပေးက ဒကာ ဒကာမတွေ မိုက်ချက် တစ်ခုသန်ခဲ့တာကို မိုက်မှန်းမသိလို့ ထပ်မိုက်တာ (မှန်ပါ့) ရိပ်မိပလား . . . (မှန်ပါ့)။

ဒီတဏှာ ဥပါဒါန် ကမ္မဘဝဟာ ဘာပါလိမ့် . . . (မိုက်မှန်းမသိလို့ ထပ်မိုက်တာပါဘုရား) မိုက်မှန်းမသိလို့ ဒကာ ဒကာမတွေ ထပ်မိုက်နေတာ၊ ရိပ်မိပလား . . . (မှန်ပါ့)။

ဒါဖြင့် မိုက်တာ ဘာနဲ့မိုက်သတုံးလို့ မေးတဲ့အခါကျ တော့ မိုက်တဲ့ဟာ တခြားမဟုတ်ဘူးကွာ . . . တဲ့ . . သမုဒယ သစ္စာပါ။

သားတွေ သမီးတွေ ဆွေတွေ မျိုးတွေ ခင်တွယ်လို့ လျှောက်လုပ်နေကြတာ၊ ဘာသစ္စာလာမလဲ . . . (သမုဒယ သစ္စာလာမယ်)။

ဟာ . . . သမုဒယသစ္စာက ဘယ်ကာလမှာ လာပါ လိမ့်မတုံးဆိုတော့ ပစ္စုပ္ပန်မှာ ထပ်မိုက်တာကွ၊ ရိပ်မိပလား (တင်ပါ့ဘုရား) ဦးအောင်ဖေ . . . ဘယ့်နှယ်တုံး . . . (ထပ်မိုက်တာပါဘုရား)။

ထပ်မိုက်တာ၊ ဩော်. . . ဒါဖြင့် ဒီထဲမှာ ၁, တုန်းက လည်း မလိမ္မာခဲ့၊ ၂-တုန်းက ဒုက္ခရောက်ခဲ့တာလည်း မသိဘူး၊ ၃, ထပ်မိုက်ပါတယ်ဆိုတော့ သွားပြီ၊ မသွားသေဘူးလား. . . (သွားပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီမှာ မြားကလေးပြမယ်၊ ဒီက မြားကလေးကလည်း ဒီဘက်ပြမယ်၊ ဒီကမြားကလေးကလည်း ဒီဘက်ပြမယ်၊ ခင်ဗျားတို့ ဒီအစပ်ကလေးကို မဖြတ်နိုင်လို့ရှိရင် မိုက်မှာပဲ၊ ဒီအဆက်ကိုဖြတ်နိုင်ရင် . . . (မမိုက်ပါ)။ (ဤနေရာတွင် စက်ဝိုင်းပြ၍ ဟောတော်မူသည်)။

ဒီ အစပ်ဖြတ်ဆိုတာကလည်း တော်တော့ ဆရာသမား နဲ့ တွေ့လို့ မဖြတ်တတ်ပါဘူး . . . (မှန်ပါ့) ဒကာ ဒကာမတွေ ဖြတ်တတ်ပါ့မလား . . . (မဖြတ်တတ်ပါဘုရား)။

တော်တော့ ဆရာသမားနဲ့တွေ့လို့ မဖြတ်တတ်ပါဘူး ဆိုတော့ ဒကာ ဒကာမတို့ ဒီဝေဒနာရင်လည်း အနိစ္စရှုရမှာပဲ၊ ဖဿရင်လည်း . . . (အနိစ္စရှုရမှာပဲ)၊ သင်္ခါရတနသော် လည်းကောင်း . . . (အနိစ္စရှုရမှာပဲ) နာမ်ရုပ်သော်လည်း ကောင်း . . . (အနိစ္စရှုရမှာပဲ) ဝိညာဏ်သော်လည်းကောင်း (အနိစ္စရှုရမှာပဲ)။

## ပစ္စတ္တိဝိညာဏ်ပါထည့်

ဝိညာဏ်ဆိုတာ ပစ္စတ္တိဝိညာဏ်ပါထည့်လိုက်၊ ခုန ပဋိသန္ဓေဝိညာဏ်ရေးထားတယ် . . . (မှန်ပါ့) ဒါက ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်းမို့ ပစ္စတ္တိဝိညာဏ်ကိုပါ ရှုရမယ် . . . (မှန်ပါ့ဘုရား)။

အဲဒီလို ရှုလိုက်တဲ့အခါကျတော့ ဒီအစပ်ကလေးက ပြတ်ထွက်သွားတယ် . . . (တင်ပါ့) ပြတ်ထွက်သွားတော့ဒီမြား က ဒီဘက်ပြတယ်၊ ပဋိစ္စသမုပ္ပါဒ် ထွက်လမ်းလို့၊ ဘာ့ကြောင့် တုံးဆိုတော့ ဝေဒနာနိရောဓာ တဏှာနိရောဓောတဲ့၊ ဝေဒနာ နိရောဓာ . . . (တဏှာနိရောဓော) တဏှာ နိရောဓော နိဗ္ဗာန် လို့ ခင်ဗျားတို့က ဒီကပဲ ထွက်လိမ့်မယ်၊ တဏှာချုပ်ရင် နိဗ္ဗာန် ပဲဆိုတော့ ဝေးသလား . . . (မဝေးပါဘုရား)။

နို့ . . . ဘယ့်နှယ်ကြောင့် တပည့်တော်တို့ ဒီလိုဖြစ်နေရပါတုံးဆိုတော့ ဟောဒီ နေရာကနေပြီး မင်းတို့က ဒီဘက်ချည်း အရှိန်ကောင်းနေလို့ . . . (တင်ပ့ါ) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒီနေရာက တဏှာ ဥပါဒါန်ကံ၊ တဏှာ ဥပါဒါန်ကံ တစ်နေ့ တစ်နေ့မှာလေ၊ ဥပမာ . . . ဒီနေ့ သောင်းကိုးထောင် ရလိုက်တယ်ဆိုလို့ရှိရင်ဖြင့် တဏှာကလည်း သာယာတာပဲ၊ ဥပါဒါန်ကလည်း စွဲလမ်းတာပဲ၊ နောက် ဒီအလုပ်, လုပ်ဦးမယ် (မှန်ပါ)။

ကံကလည်း ငါဒီဘဝ လှုံ့လဝီရိယ နည်းသေးလို့ ဒီထက်များရင် ဒီထက်ရမယ်ဆိုပြီးတော့ ကာယကံ ဝစီကံက သိပ်ပြင်းထန်လာတယ်၊ မပြင်းထန်ဘူးလား . . . (ပြင်းထန်ပါတယ်ဘုရား)။

ဒါဖြင့် ကမ္မဘဝပစ္စယာ . . . (ဇာတိ) ဘဝပြန်ပြီးတော့ သွားစပ်တယ်၊ ဇာတိဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

နို့ . . . ခင်ဗျားတို့ဟာက တစ်ပတ်သာရှိသွားတယ်၊ ဟောဒီမှာ ပထမ သမုဒယသစ္စာ၊ ယခု ပစ္စုပ္ပန်ဘဝမှာ ဒုက္ခသစ္စာ၊ ပစ္စုပ္ပန်ဘဝ ပြန်မိုက်ပြန်တော့ . . . (သမုဒယသစ္စာ)။

ဟင်. . . နောက်ထပ် အနာဂတ်သေလို့ အကျိုးပေးမှာက . . . (ဒုက္ခသစ္စာပါဘုရား)။

## နောက်တုန်းက အဝိုင်းကြီးပြေးနေတာ

ဒါဖြင့် ခင်ဗျားတို့ဥစ္စာ ဘယ်မှာတုံး၊ မဂ္ဂနဲ့နိရောဓ၊ ဒီအထဲရောက်ကို မရောတော့ဘူး . . . (မပါ-ပါ) ရောသေးလား . . . (မရောပါဘုရား)။

အဲဒါ တပည့်တော်တို့ နောက်တုန်းက ဘယ်လိုများ နေခဲ့ ထိုင်ခဲ့ရသတုံးလို့ ဦးသံဒိုင်က မေးမေး . . . ဦးမာဒင်က မေးမေး၊ ဒါပဲကွ . . . အဝိုင်းကြီးပြေးနေတာ . . . (မှန်လှပါဘုရား) သဘောကျပလား . . . (တင်ပါ့ဘုရား)။

ဒီတစ်ခါ အခု ဆရာကောင်း သမားကောင်းနဲ့တွေ့လို့မှ အဝိုင်းပြေးမပြတ်တော့ဘူးဆိုလို့ရှိရင် ကယ်မည့်သူ မရှိဘူးလို့ အောက်မေ့ပါ၊ သဘောကျကြရဲ့လား . . . (မှန်ပါ့ဘုရား) ကယ်မည့်သူ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ခင်ဗျားတို့က ကုသိုလ် ဆိုလို့ရှိရင် အကောင်းချည်းပဲ၊ ပုညာဘိ သင်္ခါရဆိုတာ အကောင်းချည်းပဲဆိုရင် ကောင်းရင် ဒီ ဇာတိဒုက္ခဖြစ်ပါ့မလား . . . (မဖြစ်ပါဘုရား)။

## ဒုက္ခလွတ်တဲ့ကုသိုလ်ရှိသေးတယ်

ဒါကြောင့် ကုသိုလ်မှာလည်း ဒုက္ခရောက်တဲ့ကုသိုလ် ဒုက္ခလွတ်တဲ့ကုသိုလ်ရှိသေးတယ်၊ ဦးသန်းမောင် . . . (မှန်ပါ့ဘုရား)။

ကုသိုလ်မှာ ဘယ်နှစ်မျိုးရှိသတုံး . . . (နှစ်မျိုးရှိပါတယ်ဘုရား)၊ ဒုက္ခရောက်တဲ့ . . . (ကုသိုလ်) ဒုက္ခလွတ်တဲ့ . . . (ကုသိုလ်ပါဘုရား)။

နှစ်မျိုးရှိတာ မဝေဖန်ဘူး၊ နည်းရောင်းများရောင်း တောင်းပြည့်ပြီးရောပေါ့၊ ကုသိုလ်ဆိုတာ အကောင်းချည်းပေါ့ကွ၊ ခင်ဗျားတို့ ပါးစပ်က နှုတ်တက်နေတယ်. . . (တင်ပါ့) ကုသိုလ်ဆိုရင် . . . (အကောင်းချည်းပဲ) သွားပြီ။

အကောင်းချည်း ဆိုလို့ရှိရင် လွဲကုန်ပြီ . . . (မှန်ပါ့) ကောင်းတာ မကောင်းတာ ဘုန်းကြီးက စကားတတ်လို့ ပြောတယ်လို့ မယူပါနဲ့၊ သူအုပ်ချုပ်နေတာ၊ သူအုပ်ချုပ်ရင် ကောင်းပါ့မလား (မကောင်းပါဘုရား) မသိလို့ လုပ်တဲ့ကုသိုလ်၊ ဒါပါနေတယ် (မှန်ပါ့ဘုရား)။

(ဤနေရာ၌ အဝိဇ္ဇာကို ထောက်ပြသည်)။

ဒီပါဠိတော်ရင်းကြည့်ပါလား၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ လို့ သူ့အကြောင်း မကင်းဘူးကွ . . . တဲ့၊ ပစ္စယာဆိုတာ အကြောင်း မကင်းဘူးပြောတာ . . . (မှန်ပါ့) ကင်းကြရဲ့လား . . . (မကင်းပါ)။

မကင်းတော့ ဒီသင်္ခါရမလုပ်ပေဘူးလား . . . (လုပ်ပါတယ်) လုပ်တော့ ဒါတွေရဖို့ ဘယ့်နှယ်လဲ မသေချာဘူးလား (သေချာပါတယ်ဘုရား) သေချာတော့ ဘာသစ္စာတုံး မေးတော့ . . . (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့လုပ်တဲ့ကုသိုလ်ဟာ ဒုက္ခသစ္စာ ရတယ် မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်) ခင်ဗျားတို့ ပြုတဲ့ကုသိုလ်ဟာ ဘာသစ္စာရသတုံး . . . (ဒုက္ခသစ္စာရပါတယ်) ဒုက္ခသစ္စာရတယ်ဆိုတာ သေချာပလား . . . (သေချာပါပြီ)။

ဒါဖြင့် ဒုက္ခရောက်မည့် ကုသိုလ်ဟာလည်း ခင်ဗျားတို့ ဒုက္ခရောက်မည့်ကုသိုလ်ကို ရဲရဲကြီး လုပ်လေ့ရှိတယ်၊ ဒုက္ခမရောက်မည့်ကုသိုလ်ကို ခင်ဗျားတို့က အချိန်ဆွဲတယ်၊ အတော်ဆိုးတယ်၊ အတော်ဆိုးတယ်။

နောက်က ဒကာ ဒကာမတွေ ဒီမှာ သေသေချာချာ ပြနေတယ်၊ နားလည်ကြ၊ မြင်ကြရဲ့လား . . . (တင်ပါ့ဘုရား) အေးအေး. . . ။

ကိုင်း . . . ဒါဖြင့် ခင်ဗျားတို့သည် တစ်သံသရာလုံးမှာ ဟောဒါက အတိတ်ဘဝတဲ့၊ အတိတ်အကြောင်းဆိုတော့ သမုဒယသစ္စာလုပ်ခဲ့တယ်၊ ယခုဘဝ ဘာသစ္စာရသတုံး. . . (ဒုက္ခသစ္စာရပါတယ်)။

ယခုဘဝတွင် ပြန်မိုက်တော့ ဘာသစ္စာလုပ်မယ်. . . (သမုဒယသစ္စာပါဘုရား) ဒါဖြင့် အနာဂတ် ဘာသစ္စာရမလဲ (ဒုက္ခသစ္စာပဲရပါမယ်ဘုရား)။

အဲဒီ ဒုက္ခသစ္စာရတော့ ဒုက္ခမှန်း မသိပြန်တော့ ဟောဒီမှာ သမုဒယစ္စာ ပြန်လုပ်ပြန်တယ် . . . (မှန်ပါ့) မလုပ်ပေဘူး

လား . . . (လုပ်ပါတယ်) လုပ်လို့ရှိရင် ဒီအတိုင်းမလှည့်နေပေဘူးလား၊ လှည့်မလား . . . (လှည့်ပါတယ်)။

## အဝိုင်းကြီးလမ်းရှာနေတော့အပိုပေါ့

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မြင်တော်မူတယ်၊ ခင်ဗျားတို့က လင်ပန်းပေါ်မှာ လျှောက်နေတဲ့ပုရွက်ဆိတ်လို့ဖြစ်နေတယ်၊ လမ်းရှာနေတယ်၊ အဝိုင်းကြီး လမ်းရှာနေတော့ အပိုပေါ့၊ ထွက်လမ်းတွေ့နိုင်သေးရဲ့လား. . . (မတွေ့ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခုသနားလို့ ပြောပေးနေတယ်၊ ခင်ဗျားတို့ဆီက ဘာမှ မျှော်လင့်ချက်မရှိဘူး၊ သိဖို့ရာပဲ အရေးကြီးတယ် . . . (မှန်ပါ့ဘုရား) မှန်တဲ့အတိုင်းသိဖို့ရာပဲ အရေးကြီးတယ်. . . (မှန်ပါ့) သဘောပါကြပြီလား . . . (ပါ-ပါပြီဘုရား)။

## ဘယ်ကနေလမ်းခွဲကြမတုံး

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်ကနေလမ်းခွဲကြမတုံးဆိုတော့ ဟောဒါ မစပ်မိမှ၊ ဒီ အစပ်ကလေးကြည့်ပါ။

ဒါ အစပ်ကိုပြောတာ သူနဲ့သူ စပ်သွားပြီကွ၊ ဝေဒနာနဲ့ တဏှာစပ်ပြီ၊ ရှင်းပလား . . . (ရှင်းပါပြီ) မစပ်ဖို့ အရေးကြီး တယ် . . . (မှန်ပါ့) မစပ်မိဖို့ အရေးကြီးတယ်ဆိုတာ ပေါ်ကြ ပလား . . . (ပေါ်ပါပြီ)။

## မျက်လုံးဖွင့်မှာသိပ်ကြောက်တယ်

ကောင်းပြီ၊ ဒါဖြင့် အခု ဒကာ ဒကာမတွေဟာ မနေ့ ညကပဲပြောပါတယ်၊ ဒကာ ဒကာမတို့ မျက်လုံးဖွင့်မှာ သိပ် ကြောက်တယ်၊ ဒကာ ဒကာမတွေ မျက်လုံးဖွင့်မှာ ဆရာ ဘုန်းကြီးက သိပ်ကြောက်တယ် . . . (မှန်ပါ့) ဟာ. . . မျက်လုံးပါ ဖွင့်မှာ ပေါ့။

အို . . . ဖွင့်တာက ခင်ဗျား ဒယ်အိုး မျက်စောင်းထိုး တာ၊ အပါယ်ဒယ်အိုးတွေ မျက်စောင်းထိုးနေတာ . . . (မှန်ပါ့ ဘုရား) မကြောက်သင့်ဘူးလား . . . (ကြောက်သင့်ပါတယ် ဘုရား)။

## ဘယ်မျက်စောင်းထိုးပြီးဖွင့်ပါလိမ့်

ဘယ်မျက်စောင်းထိုးပြီး ဖွင့်ပါလိမ့် . . . (အပါယ် မျက်စောင်းထိုးတယ်) မဖွင့်ဘဲကော နေနိုင်ရဲ့လား . . . (မနေနိုင်ပါဘုရား)။

ဪ . . . တယ်လည်း ပါရမီကြီးပါကလား၊ အတော် ဆိုးနေတယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ တပည့်တော်ရှေးဘဝကဘာဖြစ်ခဲ့သတုံး၊ ဟောဒီ အဝိဇ္ဇာသင်္ခါရ နဲ့ နေခဲ့တယ်ကွ။

ယခုဘဝ တပည့်တော် ရောင်းဝယ်ဖောက်ကား စား သောက်နေတာ ဟောဒီငါးပါးနဲ့ဘုရား၊ ရောင်းဝယ်ဖောက်ကား ရင်း မိုက်နေတာက ဘယ်သူတုံးဆိုတော့ ဟောဒီ သုံးပါးပေါ့ . . . (မှန်ပါ့)၊ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ် ဘုရား) တဏှာဉပါဒါန် ကမ္မဘဝတဲ့ . . . (တင်ပါ့ဘုရား)။

စုတေမနေ သေလွန်တော့ ဇာတိ ဇရာ မရဏပဲ ပြန်ရ မယ် ပေါ့ . . . (မှန်ပါ့) ဒီဇာတိ ဇရာ မရဏရတဲ့ပုဂ္ဂိုလ် ကလည်း ဇရာ မရဏနဲ့ ကြုံလာတဲ့အခါကျတော့ အိုလာတယ်၊ သေရမည့်ကိစ္စကြုံလာတယ်ဆိုတဲ့အခါကျတော့ သောက ပရိဒေဝတွေ မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

သောကပရိဒေဝလာလို့ရှိရင် သိတဲ့ပုဂ္ဂိုလ် လာတာ လား. . . (မသိတဲ့ပုဂ္ဂိုလ်လာတာပါ) မသိတဲ့ပုဂ္ဂိုလ်လာတယ်ဆို လို့ရှိရင် အာသဝ သမုဒယာ အဝိဇ္ဇာသမုဒယော ဒီပြန်လှည့် မယ် . . . (မှန်ပါ့) ဒီက အာသဝ ဖြစ်သွားပြီ . . . (မှန်ပါ့)။

ဒီအာသဝကြောင့် ဒီမှာ ဘာလာဖြစ်မတုံး. . . (အဝိဇ္ဇာပါဘုရား) ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ ပြန်လှည့်ပြန်ပြီ . . . (မှန်ပါ့ဘုရား) ဒကာ ဒကာမတွေ မလှည့်သေးဘူးလား . . . (လှည့်ပါပြီဘုရား)။

ကိုင်း . . . ဒကာ ဒကာမတို့ အဝိုင်းပြေးမှုတစ်ပါးခင်ဗျားတို့မှာ အလုပ်ရှိသေးရဲ့လား . . . (မရှိပါဘုရား) တပည့်တော်တို့ ထွက်ရပ်လမ်းနီးပြီလို့များ ဆိုချင်သေးသလား . . . (မဆိုချင်ပါဘုရား)။

## ဒီဆရာဆီကနည်းတွေယူပါဦး

မဆိုနိုင်သေးပါဘူး၊ အများကြီးလိုပါသေးတယ်၊ ဒီဆရာသမားဆီက ခင်ဗျားတို့ အမျိုးမျိုးပဲ နည်းတွေ ဝိပဿနာဉာဏ်တွေယူပါဦး . . . (မှန်ပါ့ဘုရား)။

ဒီအတိုင်းသာ ရန်ကုန်စရိတ်နဲ့ ရန်ကုန်အလုပ်နဲ့ ခေါင်းထဲဝင်ကြမယ်ဆိုရင်ဖြင့်ဒီထက် ကိုယ်ကျိုးနည်း ရှာမယ်လို့. . . (မှန်ပါ့) ဒီထက် ကိုယ်ကျိုးနည်းဖို့ရှိပါဦးမလား. . . (မရှိပါ) အင်မတန်ဆိုးဝါးနေလို့ သတိပေးပါတယ်ဆိုတာကိုနော်. . . (မှန်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတွေ ဘုန်းကြီးက ရှင်းပြပါတယ်တဲ့၊ တပည့်တော်တို့ ရှေးဘဝက ဘယ်လိုနေခဲ့ပါလိမ့်မတုံး

ဘုရားဆိုတော့ သမုဒယသစ္စာနဲ့ ယခုဘဝ ဘယ်လိုနေပါလိမ့် မတုံးဆိုတော့ . . . (ဒုက္ခသစ္စာပါ)။

ယခုဘဝ တစ်ခါတပည့်တော်တို့ သားရေး သမီးရေး စီးပွားရေး လုပ်နေပြန်တော့ ဘာသစ္စာတုံး . . . (သမုဒယ သစ္စာပါ)။

ဩော် . . . သေတော့ သုဂတိလားမှာလား၊ ဘာတုံး မေးတဲ့အခါကျတော့ . . . (ဒုက္ခသစ္စာပါ) သုဂတိလားလည်း ဒုက္ခသစ္စာပဲ . . . (မှန်ပါ့) ဒုဂ္ဂတိလားလည်း . . . (ဒုက္ခသစ္စာပဲ ဘုရား)။

ဒီ ဒုက္ခသစ္စာနဲ့ ကြုံတွေ့တဲ့ ပုဂ္ဂိုလ်ဟာ သောကပရိဒေဝ လာမလား . . . (လာပါတယ်) လာတာဟာသိလို့ လာတာ လား၊ မသိလို့လာတာလား . . . (မသိလို့လာတာပါ)။

မသိလို့ လာလို့ရှိရင် မသိတာက အာသဝ . . . (မှန်ပါ့) အာသဝ သမုဒယာ အဝိဇ္ဇာသမုဒယော, မလာပေဘူး လား . . (လာပါတယ်ဘုရား) ဆိုကတည်းက သွားပြီ. . . (မှန်ပါ့)။

ဘယ့်နှယ်လုပ်မလဲ၊ ဒီအတိုင်းပဲ ခင်ဗျားတို့ လှည့်နေ မှာလား၊ မလှည့်ပေဘူးလား . . . (လှည့်ပါတယ်ဘုရား) ထွက် ပေါက်ပါကြရဲ့လား . . . (မပါ-ပါ) ထွက်ပေါက်မပါတော့ဘူး ဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

## ထွက်ပေါက်ပြတော်မူပါဘုရား

ဒါဖြင့် ခင်ဗျားတို့က မသိပေမယ့်လည်း ခင်ဗျားတို့ တရားတစ်ပွဲလုံးက လျှောက်ဖို့ အချိန်ရောက်ပါပြီ 'ထွက်ပေါက် ပြတော်မူပါဘုရား' လို့ . . . (မှန်ပါ့) မလျှောက်သင့်ဘူးလား (လျှောက်သင့်ပါတယ်) ထွက်ပေါက်ကိုပဲ ပြတော်မူပါတော့၊ တပည့်တော်တို့ လမ်းစဉ်ကဖြင့် မျက်ရည်ကျလို့ ဆုံးစရာ မမြင် တော့ဘူး . . . (မှန်ပါ့) မြင်သေးရဲ့လား . . . (မမြင်ပါ)။

ထွက်ပေါက် ပြတော့မယ်ဆိုတော့ လွယ်ပါတယ်တဲ့ ဒကာ ဒကာမတို့၊ ခင်ဗျားတို့ကလည်း အဝိုင်းပြေး သိမှလည်း ထွက်ချင်တယ် . . . (မှန်လှပါဘုရား) အဝိုင်းကပြေး မသိရင် တော့ . . . (မထွက်ချင်ပါဘုရား) မထွက်ချင်ဘူးဆိုတာက သေချာပလား . . . (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ကို ဘုန်းကြီးများက ခုပဲ ရှင်းရှင်းလင်းလင်း ပြောပါတယ်တဲ့၊ ဒီကတော့ မိုက်လုံးက သန်ခဲ့တဲ့အတွက် ဒီပစ္စုပ္ပန်ဘဝမှာတော့ ဘယ့်နှယ်မှ ဒီမိုက်လုံး သန်ခြင်းကြောင့် ပစ္စုပ္ပန်ဘဝ အကျိုးပေးနေတာတော့ ရှိပါစေ တော့ ဘုန်းကြီးမတတ်နိုင်ဘူး . . . (မှန်ပါ့)။

ဒီ ပစ္စုပ္ပန်ဘဝကို ခင်ဗျားတို့ ဖြတ်လမ်း ဒီကနေ ဘုန်းကြီးက ပေးမှသာလျှင် ၃-နံပါတ်ကို မကူးဘဲနဲ့ ၄-နံပါတ် မရောက်မှာကိုး . . . (မှန်ပါ့) နို့မို့ရင် ဘယ့်နှယ်နေသတုံး. . .

(ရောက်မှာပါဘုရား) ၃-ကူးရင် ၄-တော့ သေချာပြီ. . . (မှန်လှပါဘုရား) ဒကာ ဒကာမတို့ ၃-ကနေ ၄-ကူးချင်သေးသလား . . . (မကူးချင်ပါဘုရား) ဟုတ်ရဲ့လား သေသေချာချာလုပ်ကြစမ်းပါနော် . . . (မှန်ပါ့)။

အင်မတန် သဒ္ဓါတရားနဲ့ပြောနေတာနော် . . . (မှန်ပါ့) အင်မတန် သဒ္ဓါတရားနဲ့ပြောနေတာ။

## မြို့သူလုပ်နေရင် ငါးပါးမှောက်မယ်နော်

ကိုင်း. . . ဒါဖြင့် ဒီလို လုပ်ကြစို့ရဲ့၊ အဲဒါ ဝေဒနာ ဖဿ သဠာယတနဆိုတော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယမန ဆိုတော့ စိတ်ပါနေတယ် . . . (မှန်ပါ့) မပါဘူးလား (ပါ-ပါတယ်) ပါတော့ ခင်ဗျားတို့ ဝေဒနာနုပဿနာပေးတော့ ဒုက္ခတစ်လုံးတည်းတွေ့နေတာများသောကြောင့် စိတ္တာနုပဿနာ ပေးမယ်၊ ဦးသံဒိုင် ဘာပေးရမလဲ . . . (စိတ္တာနုပဿနာပေးရပါမယ်ဘုရား)။

စိတ္တာ နုပဿနာပေးရမယ်ဆိုတော့ ဘုန်းကြီးတို့ လူစု သေသေချာချာမှတ်၊ မြို့သူတွေ လုပ်မနေနဲ့ ဒီဥစ္စာ. . . (မှန်ပါ့) မြို့သူလုပ်နေရင်ငါးပါးမှောက်မယ်နော် . . . (မှန်ပါ့)။

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ တရားရှာလို့ရှိရင် ခန္ဓာထဲမှာ တွေ့မှသာလျှင် အမှန်ရောက်မယ်နော် . . . (မှန်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတွေ စိတ္တာနုပဿနာကို ဝိပဿနာပေးပါ့မယ်၊ ဘယ့်နှယ်ကြောင့် ဆရာသမားက စိတ္တာနုပဿနာကို ဝိပဿနာပေးရပါလိမ့်မလဲ. . . လို့ ဦးမာဒင်က မေးလို့ရှိရင်ဖြင့် ငါ့စိတ် မင်းမသိဘူးလားဆိုတော့ စိတ်ပေါ်မှာ 'ငါများနေတယ်'. . . (မှန်ပါ့) စိတ်ပေါ်မှာ 'ငါကောင်ဟုစွဲလမ်း' တဲ့ ဒိဋ္ဌိများနေတယ်. . . (မှန်ပါ့)။ ဒိဋ္ဌိအများဆုံးစိတ်ပေါ်မှာ ဖြစ်နေတယ်။

## စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံး

ဘယ်ပေါ်မှာ ဒိဋ္ဌိများနေသလဲ . . . (စိတ်ပေါ်မှာ ဒိဋ္ဌိများနေပါတယ်) စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံး ဖြစ်နေတယ်။

အဲဒီတော့ ပထမတရားမှာ ဒိဋ္ဌိမပြုတ်ဘဲနဲ့ သောတာပန် ဘယ်သူမှ မတည်နိုင်ဘူး . . . (မတည်နိုင်ပါဘုရား)။

အဲဒါကြောင့် သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ဆရာကရောက္ခာ . . . တဲ့၊ သတ္တဝါတွေ သနားလို့ရှိရင် စိတ္တာနုပဿနာပေးပါ။

## အထက်မင်္ဂကျမှ ဝေဒနာနုပဿနာ

ပြီးတော့မှ ဝေဒနာနုပဿနာကို အထက်မင်္ဂကျမှပေးပါတဲ့ . . .၊ သဘောကျပလား . . . (မှန်ပါ့ဘုရား)။

အောက်မင်္ဂလာရချင် ဘာပေးရမတုံး (စိတ္တာနုပဿနာ) စိတ္တာနုပဿနာပေးရမယ်ဆိုတာ သဘောပါရဲ့လား . . . (မှန်ပါ)။

စိတ္တာနုပဿနာဆိုတာက ခင်ဗျားတို့ အခုတရား လာနာကြတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ပုထုဇဉ် တွေလား၊ အရိယာတွေလားလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ပုထုဇဉ်တွေပါလို့ လူတိုင်းဖြေရမယ် . . . (မှန်လှပါဘုရား)။

ကာမပုထုဇဉ်ဟာ စိတ်ပေါင်းဘယ်လောက်ရမတုံး. . လို့မေးတဲ့ အခါကျတော့ ပုထုဇဉ်မှာ စိတ်ဘာရမတုံး. . . ကွ၊ အကုသိုလ်က ၁၂ ခုရတယ်၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်က ၁၇-ခု ရတယ်။ မဟာကုသိုလ်က ၈ ခုရတယ်၊ မဟာဝိပါက်က ၈-ခုရတယ်၊ မဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ရူပကုသိုလ်ကလည်းမရ၊ အရူပကုသိုလ်က လည်း မရတော့ ကာမစိတ်လောက်ပဲရတယ် . . . (မှန်လှပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ) ကာမစိတ်လောက်ပဲရပါတယ်။

ကာမစိတ် ၅၄-ထဲမှာလည်း ကြိယာဇောစိတ်က နုတ် ပစ်ပါဦး၊ ကြိယာဇောစိတ်က ၉-ခုတောင် နုတ်ပစ်လိုက်၊ ၅၄-ထဲ ၉နုတ်၊ ၄၅-ဟုတ်လား။

ဒါလောက်ပဲ ကျန်ပါလိမ့်မယ်ဆိုတော့ စိတ်ကလေး ၄၅-ခုဟာဖြင့် လှည့်ပေါ်နေလိမ့်မယ်၊ ခင်ဗျားတို့ ခန္ဓာထဲမှာ

(မှန်ပါ့) စိတ်ကလေး ၄၅-ခုဟာ. . . (လှည့်ပေါ်နေပါတယ် ဘုရား)။

## စာသံပေသံပါတာမကောင်းဘူး

လှည့်ပေါ်နေတာ ၄၅-ခုဟာ ဘုရား၊ အရှင်ဘုရားတို့က စာသံ ပေသံပါလှတယ်၊ တပည့်တော်တို့မှာ လူတွေပါဆို တော့ ဘုန်းကြီးက ရှင်းပြမယ် . . . တဲ့၊ အေး. . . စာသံ ပေသံ ပါတာ မကောင်းဘူးကွ၊ ဘာကြောင့်တုံးဆိုတော့ ကိုယ့်ဘာသာ မဟုတ်ဘူး။ နိုင်ငံခြားဘာသာဖြစ်နေတယ်၊ ပါဠိဘာသာကို (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတွေ ဒီလိုလုပ်ကြပါ၊ ခင်ဗျားတို့မှာ မြင်တတ်တဲ့စိတ်ကလေး မရှိဘူးလား . . . (ရှိပါတယ်ဘုရား) အဲဒါ ခင်ဗျားတို့သန္တာန်မှာ အမြဲပေါ်တဲ့စိတ်၊ အာရုံဒွါရတိုက်တိုင်း, တိုက်တိုင်းပေါ်တဲ့စိတ်. . . (မှန်ပါ့)။

## အာရုံဒွါရတိုက်တိုင်းပေါ်တဲ့စိတ်

ကြားတတ်တဲ့စိတ်ကလေးကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား) အဲဒါ အာရုံဒွါရ တိုက်တိုင်း, တိုက်တိုင်း ဘာတုံး . . . (ပေါ်တဲ့စိတ်ပါ) ပေါ်တဲ့စိတ်။

နှာခေါင်းထဲ နံတယ်၊ ပုပ်တယ်၊ ညှီတယ်လို့ ရှူတဲ့ရှိုက်လိုက်တဲ့စိတ်ကလေးကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား) အဲဒါလည်းခင်ဗျားတို့ ပေါ်ရင် မသိပေဘူးလား . . . (သိပါတယ်ဘုရား) သိရင် မှတ်ထားပါ၊ သုံးစိတ်ရှိသွားပြီ. . . (တင်ပ့ါ)။

လျှာပေါ်မှာချိုတယ်၊ ချဉ်တယ်၊ ဖန်တယ်၊ ငန်တယ်၊ စပ်တယ်၊ ခါးတယ်ကို သိတဲ့စိတ်ကလေးဟာ . . . (ရှိပါတယ်ဘုရား) ဒါလည်း သူလည်း အမြဲပေါ်တာ မဟုတ်ပါဘူး. . . (မှန်ပ့ါ) ကိုယ်ပေါ်မှာ ယားတယ်၊ ကောင်းတယ်ဆိုတဲ့စိတ်ကလေးများကော. . . (ပေါ်ပါတယ်ဘုရား)။

## အပြင်ညှော်သည် (၅) ခု

ဒါဖြင့် အဲဒီစိတ် ၅-ခုကို အပြင်ညှော်သည် ၅-ခုလို့ မှတ်လိုက်စမ်းပါ၊ ဒီ ၅-ခု ဘယ့်နှယ်ဆိုပ့ါမယ်. . . (အပြင်ညှော်သည် ၅-ခုပါဘုရား)။

စာလိုမသုံးနဲ့တဲ့ . . . စာကတော့ အဇ္ဈတ္တိကာယတနလို့ သုံးတယ် . . . (မှန်ပ့ါဘုရား)။

ဘုန်းကြီးကတော့ ဒီလိုမသုံးပါဘူး၊ ဒကာ ဒကာမတွေ နားလည်ဖို့၊ ရှုတတ်ဖို့၊ ဝိပဿနာ ဉာဏ်ရဖို့ ဆိုပြီး ပေးထားတာ အပြင်ညှော်သည် ၅ ယောက်လို့ . . . (မှန်ပ့ါ) အပြင်မှာ ပေါ်နေတယ် . . . (မှန်ပ့ါ)။

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားစိတ်၊ ကောင်းစိတ်ကို ဘာဆိုကြမလဲ . . . (အပြင်ဧည့်သည် ၅-ခု) အပြင်ဧည့်သည် ၅-ခု. . . (မှန်လှပါ) အပြင်ဧည့်သည် ၅-ခုလို့ဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

## ဖြစ်ပြီးပျက်တဲ့အနိစ္စ

ကောင်းပြီ၊ ဒါဖြင့် ဒီ ၅, ခု လာတိုင်း လာတိုင် ဒါသဋ္ဌာယတနခေါ်တာပဲ၊ သဋ္ဌာယတနထဲက မနာယတနခေါ်တယ် (မှန်ပ့ါ) အဲဒီဟာ လာလို့ရှိရင် ဟောဒီနေရာမှာ ခင်ဗျားတို့က မြင်စိတ်ပေါ်လည်း ဒီကနေပြီး သကာလ ဉာဏ်ကလေး ထားပြီးတော့ 'ဪ. . . ဖြစ်ပြီးပျက်တဲ့ အနိစ္စပဲ' လို့ ဟာဒယ ဒီနေရာက ရှုပေးရတယ် . . . (မှန်ပ့ါ) ရှုရင် ဒီအဆက်ပြတ် ထွက်သွားမယ် . . . (မှန်ပ့ါ) မပြတ်ပါနဲ့ဆိုလို့ . . . (မရပါ ဘုရား)။

(ဤနေရာ၌ စက်ဝိုင်းကို ပြတော်မူသည်)။

မရတော့ သူကဖြစ်ပျက်၊ သူက မဂ်ဖြစ်သွားတယ်၊ ဒကာ ဒကာမတွေ ငေးမနေနဲ့ . . . (မငေးပါ) ဒကာ ဒကာမ တွေ ရိပ်မိကြပလား . . . (ရိပ်မိပါတယ်) ဒီက ဒီကူးသေး သလား . . . (မကူးပါ)။

မကူးရင် ပစ္စုပ္ပန်ထပ်မိုက်သေးသလား၊ သမုဒယသစ္စာ ထပ်လုပ်သေးလား . . . (မလုပ်ပါ) မလုပ်လို့ရှိရင် ဒီဘက်ကို ထွက်သွားပါလိမ့်မယ်တဲ့၊ ပဋိစ္စသမုပ္ပာဒ်ထွက်လမ်း. . . (မှန်ပါ့) မထွက်ပေဘူးလား . . . (ထွက်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ 'စိတ္တနိရောဓာ တဏှာနိရောဓော' စိတ်ချုပ်လို့ရှိရင် တဏှာချုပ်တာပဲ၊ ဝေဒနာချုပ်လည်း (တဏှာချုပ်တာပဲ) စိတ်ချုပ်ရင်ကော . . . (တဏှာချုပ်တာပဲ) ဒီစိတ်နဲ့ ဝေဒနာက သဟဇာတကိုး . . . (တင်ပါ့) ပဋ္ဌာန်းနည်းနဲ့ပြောတော့ . . . ။

ဒါဖြင့် ဒီဘက်မှာ အထူးထပ်မိုက်သေးသလား . . . (မမိုက်ပါ) ဒါဖြင့် အပြင်ဧည့်သည် ဘယ်နှစ်ယောက်ရှိသတုံး (၅,ယောက်ပါ) သေသေချာချာမှတ်ကြပါ ဒကာ ဒကာမတို့ ခင်ဗျားတို့က အရေးတကြီးပြောနေတဲ့ဥစ္စာကို ခင်ဗျားတို့ ထွက်လမ်း၊ ခင်ဗျားတို့ ဒုက္ခကျွတ်လမ်းကို ပြောနေတာ. . (မှန်ပါ့)။

ဘုန်းကြီးတို့ အကျိုးက ဓမ္မဒေသနာ ကုသိုလ်ပဲရပါတယ် (မှန်ပါ့) ခင်ဗျားတို့က ဝဋ်ပြတ်ပါတယ် . . . (မှန်လှပါဘုရား)။

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ အပြင်ဧည့်သည် ၅-ယောက်တော့ ရှင်းပြီဘုရား၊ ပေါ်တိုင်းပေါ်တိုင်း တပည့်တော်တို့ သူ့ကို အနိစ္စမြင်အောင် ရှုမယ်၊ အတွင်းဧည့်သည်

ကလည်း ရှိသေးတယ် . . . (မှန်ပါ့) ဒကာ ဒကာမတို့အတွင်း ဧည့်သည် ပြောဦးမယ်။

## အတွင်းဧည့်သည်

အတွင်းဧည့်သည်ကတော့ ခင်ဗျားတို့ မိုးလင်းလာရင် ရှေးဦးစွာ ဆွမ်းခံမလာခင် လောဘစိတ်ကိုမှတ်ပါ၊ လောဘစိတ် . . . (မှန်ပါ့) ဆွမ်းတော်ထက် စောတယ်လို့ အောက်မေ့ပါ (မှန်ပါ့ဘုရား) မစောဘူးလား . . . (စောပါတယ်) စောပါတယ်၊ စောပါတယ်၊ အိပ်ရာက ထလို့ရှိရင် ဒီစိတ်က အရင်လာတာ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## လောဘစိတ်

ဒါဖြင့် ဒီစိတ်သည် လောဘစိတ်ရင်လည်းလာမယ်၊ ကလေးက ဆူနေလို့ရှိရင်လည်း 'အို. . . အိပ်ရာက ထ, ထချင်း စိတ်ကိုပျက်ပါပြီ၊ ဆူလိုက်တာ' ဆိုတော့ ဒေါသစိတ်ရင်လည်း အရင်လာတယ် . . . (မှန်ပါ့) အတွင်းဧည့်သည်နော်။

## ဒေါသစိတ်

အဲဒါက ဟဒယဝတ္ထုပေါ်မှာ ပေါ်သောကြောင့် လောဘ, ဒေါသက အတွင်းဧည့်သည်လို့ မှတ်လိုက်ပါ၊ အိပ်နေတုန်းက မရှိဘူး၊ ခုမှပေါ်တာ . . . (တင်ပါ)။

ဒါကြောင့် သူကို ဧည့်သည်လို့ပဲမှတ်ပါ၊ အတွင်းဧည့်သည်နှစ်ယောက်ရသွားပြီ . . . (တင်ပ့ါဘုရား)။

## မောဟစိတ်

ကြည့်လိုက်တဲ့အခါကျတော့ ကိုယ့်အိပ်ရာက ကိုယ်နိုးပြီးထကြည့်လိုက်တဲ့အခါကျတော့ ခြင်ထောင်သိမ်းဖို့ ကုဋ္ဌီအိမ်သာသွားဖို့ ဒါတွေကို ဒုက္ခပါလားလို့ မသိတော့၊ အဝိဇ္ဇာကလည်း လာပြန်တယ် . . . (တင်ပ့ါ) မသိတာက အဝိဇ္ဇာမောဟပေ့ါ၊ ဘယ်နှစ်ခုရှိသွားပြီလဲ . . . (သုံးခု) သုံးခုရှိသွားပြီ။

ကောင်းပြီ၊ ဒါက အတွင်းမှာ သူဧည့်သည်အဖြစ်နဲ့ ပေါ်သလား၊ အိမ်သည်အဖြစ်နဲ့ ပေါ်သလားဆိုတာတော့ ရိပ်မိကြပလား . . . (ရိပ်မိပါပြီ) နိုးမှလာတာ ဧည့်သည်ပေ့ါ . . . (တင်ပ့ါဘုရား)။

ဧည့်သည်က တော်တော်ကြာ ခင်ဗျားတို့ကို အပါယ်ပို့မှာစိုးလို့ ဧည့်သည်ကိုလည်း သိအောင် လုပ်နေရသေးတယ် (မှန်ပ့ါ)။

## အလောဘ

တစ်ခါတလေကျပြန်တော့လည်း ခင်ဗျားတို့က အလောဘဆိုတဲ့ မိုးလင်းလာပြီလေ၊ ဆွမ်းတော်ကလေး,

ဘာကလေး, တင်ဦးမှ၊ ဘုရားရှေ့ ပန်းကလေး, ဘာကလေး လည်း တင်ဦးမှဆိုတဲ့ အလောဘဆိုတဲ့ ကုသိုလ်စိတ်ကလေး လည်း လာတတ်ပါတယ် . . . (တင်ပါ့) ဒါလည်း ဧည့်သည် ပဲ. . . (တင်ပါ့)။

## အဒေါသ

အဒေါသဆိုတဲ့ 'သဗ္ဗေ သတ္တာ အဝေရာဟောန္တု' ဆို ပြီးသကာလ မေတ္တာကလေးပို့တဲ့ ဧည့်သည်လည်း လာတတ်ပါ တယ်၊ သဘောကျပလား . . . (တင်ပါ့ဘုရား)။

ဒါဖြင့် အတွင်းဧည့်သည်က လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ ငါးခုပဲထားလိုက်ပါတော့ . . . (မှန်ပါ့) အတွင်းဧည့်သည်က ဘယ်နှစ်ယောက်ပါလိမ့် . . . (ငါး ယောက်ပါဘုရား)။

ငါးယောက်ဆိုတော့ အပြင်ဧည့်သည်က . . . (ငါး ယောက်) အတွင်းဧည့်သည်က . . . (ငါးယောက်)။

## အိမ်သည်စိတ်

အိမ်သည်နှစ်ယောက်ထည့်လိုက်ပါတော့တဲ့၊ ဒါကုန်ပါ ပြီတဲ့စိတ် . . . (မှန်လှပါ) အိမ်သည် နှစ်ယောက်က လေကို ထုတ်တဲ့စိတ်၊ လေကိုပြန်ရှိုက်တဲ့စိတ်၊ သူကတော့ သက်စောင့်

ဖြစ်သောကြောင့် အိမ်သည်စိတ်တဲ့၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတွေသက်စောင့်ဖြစ်သောကြောင့်. . . (မှန်ပါ့) သူမရှိ သေမှာကိုး . . . (တင်ပါ့) မသေဘူးလား. . . (သေပါတယ်ဘုရား) အဲဒီစိတ်နှစ်ခုကို ခင်ဗျားတို့က အားလုံးပေါင်းလိုက်တဲ့ အခါကျတော့ ငါးနှစ်လီရယ်, နှစ်ရယ်ပေါင်းတော့ ဆယ့်နှစ် မနေဘူးလား။

အဲဒီ ဆယ့်နှစ်မှာ အမြဲတမ်း ရှုရမှာက ထွက်တဲ့စိတ်နဲ့ ဝင်တဲ့စိတ်ကို အမြဲတမ်းရှု ဧည့်သည်က ပေါ်မှသာရှု၊ အိမ်သည်ပေါ်ရင် အိမ်သည်လိုက်ပါ၊ ဧည့်သည်ပေါ်ရင် . . . (ဧည့်သည်လိုက်ပါ)။

ဧည့်သည်လိုက်တော့ကို ဟောဒီနေရာကနေပြီး သူ့လိုက်တာပဲ၊ သူဟာဒယဝတ္ထုပဲ၊ ဟာဒယဝတ္ထုပေါ်ကနေပြီး သံကာလ ဒကာ ဒကာမတို့ အနိစ္စသိတဲ့ ပညာကလေးနဲ့ မြင်စိတ်ပေါ်လည်း မြင်စိတ်က ဖြစ်ပျက်၊ ရှုတာကမဂ်၊ မဟုတ်ဘူးလား . . . (တင်ပါ့ဘုရား)။

## အရှုခံကဖြစ်ပျက် ရှုတာကမဂ်

ကြားစိတ်ပေါ်လည်း ကြားစိတ်ကဖြစ်ပြီး ပျက်တာပဲ၊ ရှုတာက . . . (မဂ်ပါဘုရား) ကူးသေးရဲ့လား. . . (မကူးသေးပါဘုရား)။

နံ့စိတ်ပေါ် လို့ရှိရင်လည်း အရှုခံရတာက ဖြစ်ပျက်၊ ရှုတာက (မဂ်) ဒီလိုဆိုတော့ သခင်ဝတင် စဉ်းစားရမယ်၊ ကူးသေးရဲ့လား . . . (မကူးပါဘုရား) မကူးတော့ သမုဒယ သစ္စာ နောက်ထပ်ဖြစ်သေးရဲ့လား . . . (မဖြစ်ပါဘုရား) မဖြစ် ရင် ဒီဒုက္ခသစ္စာက . . . (မဖြစ်ပါဘုရား)။

## ဒီဘက်မကူးမှ နိဗ္ဗာန်ရောက်တာ

ဒါဖြင့် သူမဖြစ်ကတည်းက နိဗ္ဗာန်ရောက်နေပြီ. . . (မှန်လှပါဘုရား) နိဗ္ဗာန်ကဒီဘက်မကူးမှ ရောက်တာ. . . (မှန်ပါ့) ဒီဘက်ကူးရင် မရောက်ပါဘူး . . . (မှန်ပါ့) ရိပ်မိ ပလား. . . (ရိပ်မိပါပြီ) နိဗ္ဗာန်ဟာနီးသလား၊ ဝေးသလား . . . (နီးပါတယ်ဘုရား)။

နို့ ဘာဖြစ်လို့ နိဗ္ဗာန်ကို ဝေးတယ်လို့ဟောနေကြသတုံး ဆိုတော့ ဒီကူးတဲ့စပ်တဲ့နေရာကလေးက ခင်ဗျားတို့ကို ဖြတ်ပေး မယ့် လူမရှိလို့ ဝေးနေတာ . . . (မှန်လှပါဘုရား)။

ကြည့် . . . 'တဏှာနိရောဓောနိဗ္ဗာနံ' သံယုတ်ပါဠိ တော်မှာ မဟောဘူးလား . . . (ဟောပါတယ်ဘုရား) တဏှာ နိရောဓောဖြစ်တော့ကို ဒီဇာတိဆိုတဲ့ ခန္ဓာကြီးက လာသေးရဲ့ လား . . . (မလာပါဘုရား)။

ဒါဖြင့် 'ခန္ဓာနိရောဓော နိဗ္ဗာနံ' ဆိုတာကော မှားသလား. . . (မမှားပါဘုရား) ဒါဖြင့် တဏှာချုပ်၊ ခန္ဓာချုပ်ပေါ့ဗျာ၊ ဇာတိချုပ်သဘောပါလား . . . (တင်ပါ့ဘုရား)။

## ဒီနေရာက နှစ်လမ်းခွဲတယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေရာကလေးက ခင်ဗျားတို့ နှစ်လမ်းခွဲတယ်. . . (မှန်ပါ့) ရှုတဲ့ဘက်ကို သွားလိုက်လို့ရှိရင်လည်း ပဋိစ္စသမုပ္ပာဒ်ထွက်လမ်း။

မရှုတဲ့ဘက်သွားလို့ရှိရင် ဝေဒနာပစ္စယာ တဏှာ၊ စိတ္တပစ္စယာ တဏှာနဲ့ ပဋိစ္စသမုပ္ပါဒ်လည်လမ်း. . . (မှန်ပါ့) လည်တဲ့လမ်းပါပဲ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်လမ်းလိုက်မတုံးတဲ့ . . . (ထွက်လမ်းလိုက်ပါမယ်ဘုရား) ထွက်လမ်းလိုက်မယ် . . . (မှန်ပါ့ဘုရား) အပြောကတော့ သာဓုခေါ်စရာနော်. . . အပြောကတော့ သာဓုခေါ်စရာပဲလေ၊ ဒီ ဒကာ ဒကာမတွေ အပြောကတော့ မခေဘူး၊

ဘုန်းကြီး ဒကာ ဒကာမတွေ ဖြစ်နေတော့ ခင်ဗျားတို့ ဘုန်းကြီးပြုံးတဲ့အချိန် ပြုံးကြပါ၊ ဘုန်းကြီး မပြုံးသေးလို့ရှိရင် ခင်ဗျားတို့က မပြုံးပါနဲ့ဦး . . . (မှန်ပါ့) ငါ ဝင့်မကျွတ်သေးဘူး ဆုံးဖြတ်ချက်ချပါ။

## ဝဋ်ဆိုတာဘာတုံး

ဝဋ်ဆိုတာ ဘာတုံးလို့ မေးဖို့မလိုပါဘူး၊ ဒကာ ဒကာမတို့ ဒီဟာသည်ကားလို့ ဆိုလို့ရှိရင်၊ ဘာတုံးလို့ မေးတဲ့ အခါကျလို့ရှိရင် တဏှာဥပါဒါန်က ကိလေသဝဋ်၊ ဒါက ကမ္မဝဋ်၊ ဒီဘက်ကြည့်ပါလား ဝိပါကဝဋ်၊ ဇာတိ ဇရာ မရဏ တွေ မပါဘူးလား . . . (ပါ-ပါတယ်ဘုရား) ဒါကြောင့် ဝိပါက ဝဋ် ရှစ်ပါး။

ဒါဖြင့် ဒီကနေပြီးဖြစ်တဲ့ ဒီမှာ ရှိတဲ့စိတ်ကို ခုနပြောတဲ့ ဆယ့်နှစ်ခုစိတ်ကို ဖြစ်ပျက်ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ကိလေသဝဋ်ကော မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား) ကမ္မဝဋ် . . (ချုပ်ပါတယ်) ဒီဘက်လာတော့ ဝိပါကဝဋ် ချုပ် ပါတယ်၊ ဒါဖြင့် ဒါဝဋ်ကျွတ်တာ ဆုတောင်းယူရမှာလား၊ ရှုရ မှာလား ဒီကနေပြီးတော့ . . . (ရှုရမှာပါဘုရား)။

## ဘုရားရှေ့လက်အုပ်ချီပြီးလုပ်မနေနဲ့

အဲဒါ ခင်ဗျားတို့က ဘုရားရှေ့ လက်အုပ်ချီပြီး ဝဋ် ဘဝတိုတိုနဲ့ မင်္ဂဖိုလ်ရ, ရပါလို၏လို့ လုပ်မနေနဲ့ . . . (မှန်ပါ့)။

ဘုရားက ဖြတ်မပေးနိုင်ဘူး၊ မင်းတို့ဟာ မင်းတို့ ဆက် တာ ငါမတတ်နိုင်ဘူး၊ ခင်ဗျားတို့ကို ပြောလိုက်ပါလိမ့်မယ်၊ သဘောကျရဲ့လား . . . (ကျပါပြီဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာဟာ အဖြစ်အပျက်ရှုတဲ့မဂ်ကို မဂ္ဂသစ္စာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား) မဂ္ဂသစ္စာ မပါဘဲနဲ့ ဦးသံဒိုင် နိဗ္ဗာန်ရောက်ပါ့မလား . . . (မရောက်ပါဘုရား)။

သူက 'ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ' ကိုး . . . (မှန်ပါ့) တစ်ကြောင်းတည်းနဲ့ ငါနိဗ္ဗာန်ပို့မယ်ဆိုတာ သူပဲရှိတယ်။ ဒိပြင်ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

## ရှုတဲ့ပုဂ္ဂိုလ်ဒိဝဋ်ကျွတ်တယ်

အဲဒါကြောင့် အခုခဏပဲ နာရတယ်ဆိုတာ ဒကာဒကာမတွေမှာ ဒိဝဋ်ကျွတ်-မကျွတ်၊ ရှုတဲ့ပုဂ္ဂိုလ်မှာ ဒိဝဋ် ကျွတ်မကျွတ် . . . (ကျွတ်ပါတယ်ဘုရား)။

ဒိဝဋ်ကျွတ်ရင် ကိလေသဝဋ်ကျွတ်ပြီ၊ ကိလေသဝဋ်ကျွတ်ရင် ကမ္မဝဋ်က ငါချည်းလုပ်မယ်ဆိုလို့ရသလား. . . (မရပါဘုရား) ကိလေသာ အုပ်ချုပ်နေမှ ကမ္မဝဋ်ကဖြစ်တာ၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ကမ္မဝဋ်မရှိတဲ့ပုဂ္ဂိုလ် . . . ကံပဲ မရှိတဲ့ပုဂ္ဂိုလ် ဝိပါကဝဋ် ဆိုတဲ့သူတို့ ရှစ်ပါးလာဦးမလား . . . (မလာပါဘုရား) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာမရဏ လာပါ့မလား . . . (မလာပါဘုရား) ဒါဖြင့် ဝဋ်ကျွတ်ချင်လို့ရှိရင် ခင်ဗျားတို့ ၂-က ၃-ကို မကူးစေနဲ့ . . . (မှန်ပါ့)

၂-က . . . (၃-ကိုမကူးရဘူး) ကူးတဲ့ပုဂ္ဂိုလ်ရှိရင် ကိုယ့်ဟာကိုယ် မိုက်လို့သာ အောက်မေ့ပေတော့ . . . (မှန်ပါ့) ကူးရင်၊ ကူးရင် ဘယ့်နှယ်ဆိုကြမလဲ . . . (မိုက်လို့)။

## အရွယ်ကြီးမှမိုက်တာ

မိုက်တာက အရွယ်ကြီးမှ မိုက်တာလား၊ ငယ်ငယ်တုန်းက မိုက်တာလားဆိုတာလည်း ကိုယ့်အသက်နဲ့ကိုယ်ချိန်ရင် သိမယ်။

ဦးမာဒင် စောင်းပြောတယ်လို့လည်း အောက်မေ့မနေပါနဲ့၊ စောင်းမြောင်းနေတယ်လို့လည်း အောက်မေ့မနေပါနဲ့၊ အရွယ်ကြီးမှ မိုက်တာလားဟေ့ဆိုတော့ မိုးလင်းလာလို့ရှိရင်ဖြင့်တဲ့ ကိလေသဝဋ်က အရင်ပေါက်ပြေးလာတတ်တယ်. . . (မှန်ပါ့)။

## ကိလေသဝဋ်

ကိလေသဝဋ် လာလို့ရှိရင် ကာယကံ ဝစီကံနဲ့ ဦးသံဒိုင်တို့က ဘယ်ဈေးက ဘယ်သွားကွ၊ ဘယ်သူက ဘယ်ဆိုင်သွားကွ၊ ဒါ ဘာတုံး ဦးသံဒိုင်၊ ဝစီကံ၊ ဝစီကံဆိုတာ ကမ္မဝဋ်မကျဘူးလား . . . (ကျပါတယ်ဘုရား)။

## ကမ္မဝဋ်

ဒါဖြင့်ဘာဖြစ်လို့ ဒီကမ္မဝဋ်က လာတာတုံး မေးတော့ ဟောဒီ ငွေလိုချင်တဲ့ ကိလေသဝဋ်ကရှိတယ်. . . (မှန်ပါ့) ကိလေသဝဋ်ရှိသောကြောင့် ခင်ဗျားတို့ဟာ ဘာတွေပြော လေ့ ဆိုလေ့ ရှိသတုံး . . . (ကမ္မဝဋ်) ကမ္မဝဋ်က လုံလောက် ပလားတဲ့၊ ကာယကံ, ဝစီကံနဲ့ ပြောလိုက်တော့ လုံလောက်နေ ပြီ၊ မသေသေးလို့ သေရင် ဝိပါကဝဋ်လာမယ် (မှန်ပါ့) သဘော ကျပလား . . . (တင်ပါ့)။

ဒါဖြင့် တစ်နေ့ကို ဒကာ ဒကာမတွေ ဒီ ကံပေါင်း ဘယ်လောက်ရှိသတုံး . . . (မရေတွက်နိုင်ပါ) ဟင်. . . (အများကြီး) အများကြီး လှည့်နေတယ်။

ဒါဖြင့် ဒကာ ဒကာမတွေ သွားပြီ၊ မျှော်လင့်ချက် မရှိ ဘူး . . . (မှန်ပါ့) ခင်ဗျားတို့ လှုပြည် အလည်လာတာ၊ အလည် လာတာ သက်သက်ပေါ့ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးများက ပြောလိုပါတယ်၊ ဒီ ဒကာ ဒကာမတွေ ခင်ဗျားတို့ အခုဘဝ မိုက်ထားတာတွေလည်း မနည်းပါဘူး၊ သဘောကျပလား . . . (ကျပါပြီ) ဟို. . . စက်ရှင်မှု Asessions case တွေ မဟောပါဘူး၊ ဒီလောက်မိုက် တာ၊ ရူးတာ မူးတာကိုမဟောပါဘူး၊ မနေ့က မိုက်ထားတာတွေ ဟောနေတာ. . . (မှန်ပါ့) သဘောကျပြီလား. . . (ကျပါပြီ)။

အဲဒီလောက် မိုက်ထားတာ ဒကာ ဒကာမတို့၊ ဦးမြတို့ လူစုက တပည့်တော်တို့ ကောင်းမှုပြုထားတယ်၊ ကျောင်းလည်း ဆောက်ထားတယ်၊ ဘုရားလည်းတည်တယ်။

## ကျောင်းဆောက်၊ ဘုရားတည်ထားတယ်

အို . . . ကျောင်းဆောက်၊ ဘုရားတည်တာကကွာ တစ်နေ့ဖြစ်တဲ့ အကုသိုလ်တွေနဲ့စာစမ်းပါ. . (မှန်ပါ့) ဘယ့်နှယ်တုံး . . . (မယှဉ်သာပါဘုရား)။

ဟင်. . . ယှဉ်သာရဲ့လား . . . (မယှဉ်သာပါ) မကယ်ဘူးကွ၊ ပြီးရော၊ သွားရော၊ မကယ်ဘူးကွ . . . (မှန်ပါ့)။

ဘာကြောင့် မကယ်ဘူးကွတုံးလို့ဆိုတော့ ဟို. . . ဒွါရ ခြောက်ပေါက် ဒီက ခုနက အတွင်းဧည့်သည်လာလည်း မရှုမိ၊ အပြင်ဧည့်သည်လာရင်ကော . . . (မရှုမိ) အိပ်သည်နှစ်ခုလာ ရင်ကော . . . (မရှုမိ) မရှုမိတော့မဂ်က ဘယ်တော့ ပေါ်ပေး သတုံး . . . (မပေါ်ပါ) ဒါဖြင့် ကံဖြတ်မဂ်က လာသေးရဲ့လား (မလာပါဘုရား)။

## ရှေ့မျှားဘာဖြစ်မယ်လို့မြင်ပါသတုံး

မလာတော့ ခင်ဗျားတို့ တဏှာ၊ ဥပါဒါန်၊ ကံ။ တဏှာ၊ ဥပါဒါန်၊ ကံ။ တဏှာ၊ ဥပါဒါန်ကံ ဒါတွေချည်း လုပ်နေတယ်၊

ဒါချည်းလုပ်နေတော့ တပည့်တော်တို့ ရှေ့များ ဘာဖြစ်မယ်လို့ အရှင်ဘုရား မြင်ပါသတုံး၊ အရှင်ဘုရားကတော့ တပည့်တော် တို့နဲ့ စာလို့ရှိရင် ပညာလည်း နည်းနည်းကြီးပါတယ်၊ 'အို. . . ဒါက ဆုံးဖြတ်ချက် ချလိမ့်မယ်ဟော့' ရိပ်မိပလား . . . (မှန်လှပါ)။

(စက်ဝိုင်းကို ထောက်ပြ ဟောတော်မူသည်)။

ဘယ်သူက ဆုံးဖြတ်ချက်ချမတုံး . . . (တဏှာ၊ ဥပါဒါန်၊ ကံ၊ က) တဏှာ၊ ဥပါဒါန်၊ ကံက ကိုယ့်အထဲဖြစ်တာ (မှန်ပါ့) ဘုရားက တဏှာ၊ ဥပါဒါန်၊ ကံဖယ်ပြီး သားတော် ရာဟုလာကို ဆွဲတင်လို့မရဘူး . . . (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်က ဘုရားမပွင့်ခင်ကတည်းက ရှိတာကိုးဗျ၊ ဘုရားပွင့်ကော . . . (ရှိပါတယ်ဘုရား) ဘုရားပွင့်တော့ နာမည်ပေးဖော်ရတယ်။

ဘုရားမပွင့်ခင်က သူ့အမြဲတမ်းရှိတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## တပည့်တော်သေရင်ဘယ်သွားမှာတုံး

ဒါဖြင့် တပည့်တော်သေရင် ဘယ်သွားမှာတုံးဆိုတော့ ဒါ စဉ်းစားတာပေါ့ကွာ သူတို့ စီမံရာပေါ့၊ သူတို့မလာလို့ရှိရင် လည်း ဒီဘက်သွားမဟော့ နိဗ္ဗာန်သွားမယ် . . . (မှန်ပါ့) ဒီမှာ ရှုတဲ့ပုဂ္ဂိုလ်က . . . ။

မရှုတဲ့ပုဂ္ဂိုလ်ကတော့ ဒီပါဠိတော်အတိုင်း ဒီပဲသွားမယ် ဟော့၊ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား . . . (ဆိုထိုက်ပါ တယ်ဘုရား)၊

ဒါဖြင့် ဒီကနေ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပြီး ပလား. . . (မှန်ပါ့ဘုရား) ဘယ့်နှယ် ချထားသလဲ၊ တစ်လမ်း သွားပါပဲလား၊ တစ်လမ်းသွားပါပဲ၊ အဲဒါကြောင့် အားလုံး ဒကာ ဒကာမတွေ ခင်ဗျားတို့ အခု သေသေချာချာ လာပြီးသကာလ အကြောင်းတိုက်ဆိုင်နေလို့ပြောနေတာ၊ ခင်ဗျားတို့လုပ်တာ အလွဲချည်းမို့ပြောနေတာ . . . (မှန်ပါ့) ဦးမြ နာသလား ခင်ဗျား. . (မနာပါဘုရား)။

မနာကြနဲ့နော် . . . (မှန်ပါ့) မနာကြပါနဲ့၊ အလွဲချည်း လုပ်နေတာ၊ အလွဲက ဒီဖြတ်လမ်းကို ဘယ်တော့မှ မလုပ်ဘူး၊ လုပ်ရဲ့လား . . . (မလုပ်ပါ) ဖြတ်လမ်းက လုံးဝမပါဘူးဆို တော့ ဒီဘက်လည်လမ်းချည်းလုပ်နေတယ် . . . (မှန်ပါ့)။

ဒါဖြင့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်မယ်. . . (မှန်ပါ့) ကမ္မဝဋ်ကြောင့် သေသည်၏အခြားမဲ့၌ . . . (ဝိပါက ဝဋ်) ဝိပါကဝဋ်ဖြစ်မယ်၊ ဝိပါကဝဋ်ထဲက ကိလေသဝဋ် ပြန်ပေါက်ပွားဦးမယ် . . . (မှန်ပါ့) ဒါကိလေသဝဋ်. . . (မှန်ပါ့) ဒီ ကြည့်လေ ကိလေသဝဋ်တွေ ဒီဥစ္စာ ဟောဒီပါ သွားပဲ၊ မပါဘူးလား . . . (ပါ-ပါတယ်) ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ကိလေသဝဋ် လုပ်ပြန်တော့ ဒီ ကမ္မဝဋ်က မလာပေဘူးလား . . . (လာပါတယ်ဘုရား) ဒီ ဝိပါကဝဋ် ကကော . . . (လာပါတယ်ဘုရား)။

ဒါဖြင့် ဝိပါကဝဋ်ထဲက ကိလေသဝဋ် ပေါက်ပွား မလား မပေါက်ပွားဘူးလား . . . (မှန်ပါ့) ပေါက်ပွားရင် ကမ္မဝဋ်က မလာဘူးလား . . . (လာပါတယ်) ကမ္မဝဋ်ထဲက ဘာပေါက်ပွားမလဲ . . . (ကိလေသဝဋ်) ဟော . . . ကိလေသဝဋ်ပေါက်ပွားပြီ။

ကဲ . . . ဒကာ ဒကာမတို့ ခင်ဗျားတို့ဟာ ဘယ်မှာ ထွက်လမ်းပါသေးသလဲ . . . (မပါ-ပါဘုရား) ဒကာ ဒကာမတွေ ပါသေးရဲ့လား . . . (မပါ-ပါဘုရား)။

## မြန်မြန်လုပ်ကြပါ၊ ရက်ရွှေ့နေရင်မှားပြီ

အချိန်က မီးလိုက်ရုံကလေး ရှိတယ်နော်၊ ဦးမြ မြန်မြန် လုပ်ကြပါ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ . . . (မှန်ပါ့ဘုရား) ရက်ရွှေ့ရင် မှားပြီ၊ ဒကာ ဒကာမတွေ ရက်ရွှေ့ရင် . . . (မှားတယ်) ရက်ရွှေ့ရင် မှားတယ်ဆိုတော့ ခင်ဗျားတို့က မျက်လုံးမဖွင့်ဘဲ နားမထောင်ဘဲ နေနိုင်ရဲ့လား . . . (မနေနိုင်ပါ) မနေနိုင်ရင် ဒါတွေပဲ ထပ်လာတာပဲ . . . (မှန်လှပါ)။

ကဲ . . . ရက်ရွှေ့သလောက် မနာဘူးလား၊ ငွေရက်ရွှေပြီးတွက်တာက အတိုးတက်ရုံပဲရှိမယ် . . . (မှန်ပါ့) ပစ္စုပ္ပန်မှာ တောင်းပန်ရင် ရသေးတယ်၊ ဒါက တောင်းပန်လို့ရ,မရ (မရပါ) ရနိုင်ပါ့မလား . . . (မရနိုင်ပါ)။

ကမ္မဘာဝပစ္စယာ ဇာတိ၊ ဘယ်သူတောင်းပန်လို့ရမလဲ (မရပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာတဲ့ . . . အင်မတန်မှ အကျိုးတွေနစ်နာပြီးသကာလ၊ သာမည ကုသိုလ်ကို အကြီးအကျယ် ကုသိုလ်ထင်ပြီး သကာလ၊ အားကိုးလုံးထုတ်နေမှာ အင်မတန် စိုးရိမ်တယ် . . . (မှန်ပါ့) ဝဋ်က မပြတ်ဘူး၊ သဘောပါကြရဲ့လား . . . (ပါ-ပါတယ်ဘုရား)။

## ရွှေတိဂုံရွှေအပြည့်ချနိုင်တာ

သာမည ကုသိုလ်ကို ခင်ဗျားတို့က ရွှေတိဂုံရွှေအပြည့်ချနိုင်တာနဲ့ တော်လောက်ပြီလို့ အောက်မေ့ချင်အောက်မေ့နေမှာ . . . (မှန်ပါ့) မဟုတ်သေးပါဘူးတဲ့။

ဒါ ခင်ဗျားတို့ သစ္စာမသိလို့ရှိရင် သင်္ခါရပစ္စယာဝိညာဏံပဲ လာမယ်၊ ကမ္မဘာဝပစ္စယာ ဇာတိပဲလာမယ်. . . (မှန်ပါ့ဘုရား)။

သို့သော် ဇာတိမှာ ခင်ဗျားတို့ အထင်ကတော့ အထက်တန်းကျတယ်လို့ ထင်လိမ့်မယ်၊ ဩော် . . . တပည့်တော် သုဂတိဇာတိပဲလို့ ထင်ချင်ထင်ကြလိမ့်မပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

သုဂတိ ဇာတိကို သစ္စာဖွဲ့ကြည့်တော့ ဟောဒီက သက်သေခံတယ် . . . (မှန်လှပါဘုရား) ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါဘုရား) သဘောကျပလား . . (ကျပါပြီ) ဒုဂ္ဂတိဇာတိကို သစ္စာဖွဲ့တော့ကော . . . (ဒုက္ခသစ္စာပါပဲဘုရား)၊ အင်း . . . ဘာထူးသေးသတုံးဗျ . . . (မှန်ပါ့ဘုရား) သစ္စာဖွဲ့တော့ ဒုက္ခသစ္စာချည်းပဲ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်လုပ်တာဟူသရွေ့ အမှန်ပဲလို့ ဆိုကြမလား၊ အလွဲပဲလို့ဆိုကြမလား . . . (အလွဲပါဘုရား) အလွဲလို့ သေသေချာချာ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

## အမြင်ကျယ်လေ၊ စိတ်ညစ်စရာကောင်းလေ

အေး. . . အေး. . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေအတွက်မှာ အမြင်ကျယ်လေ စိတ်ညစ်စရာကောင်းလေ . . (မှန်ပါ့) အမြင်ကျယ်လေလေ . . . (စိတ်ညစ်စရာ

ကောင်းလေလေ) စိတ်ညစ်စရာကောင်းလေလေဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဘုန်းကြီးကလည်း စေတနာကောင်းကောင်း၊ ခင်ဗျားတို့ကလည်း ဆရာသမား ရောက်တယ်ဆိုတော့ဝိုင်းလာကြ၊ အင်မတန်မှလည်း သိစေချင် တော့ ဒကာ ဒကာမတို့ ဒီကနေ မပြတ်သရွေ့ ကာလပတ်လုံး ကိစ္စမပြီးသေးပါဘူးဆိုတာ ဘယ်သူပြောတာမှ မယုံနဲ့. . . (မှန်လှပါဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ဒီနေရာမှာမင်္ဂဝင်ပါ

ဒီနေရာမှာ မင်္ဂ မဝင်နိုင်သေးသရွေ့ ကာလပတ်လုံး၊ ဝိပဿနာ မင်္ဂ မဝင်နိုင်သေးသရွေ့ ကာလပတ်လုံး ခင်ဗျားတို့ ငါတော်ပြီဆိုတဲ့စကားကို ဘယ်သူမှမသုံးပါနဲ့ . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

ငါတော်ပြီဆိုတဲ့စကား . . . (မသုံးပါနဲ့) သုံးရင်. . . (မှားသွားမယ်) မှားတယ်ဆိုတာ သဘောပါကြပလား. . . (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သေသေချာချာ ပြောပါမယ် တဲ့၊ ဒီကြည့် ခင်ဗျားတို့ အတိတ်အကြောင်းက အဝိဇ္ဇာသင်္ခါရ

ဆိုပါတယ်တဲ့၊ ဆိုပင်ဆိုငြားသော်လည်း အဝိဇ္ဇာရယ်၊ သင်္ခါရ ရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ဘဝ ပါ-ပါနေတယ်နော် . . . (မှန်လှပါ) မပါဘူးလား . . . (ပါ-ပါတယ်)။

## အတိတ်အကြောင်းငါးပါး

အဲဒါ အတိတ်အကြောင်းက ငါးပါး၊ ဟောဒီ ပစ္စုပ္ပန် အကျိုးကလည်း ငါးပါးပဲလာတယ်၊ မလာဘူးလား . . . (လာပါတယ်ဘုရား) ပစ္စုပ္ပန်အကျိုးကလည်း ငါးပါးပဲ မနေ ဘူးလား။

ဟောဒီ ပစ္စုပ္ပန်အကြောင်း ထပ်လုပ်ပြန်တာကလည်း တဏှာ ဥပါဒါန်ဘဝတဲ့၊ အဝိဇ္ဇာသင်္ခါရနဲ့ပဲ ခင်ဗျားတို့ ပြန်လုပ် တယ်၊ မလုပ်ဘူးလား . . . (လုပ်ပါတယ်ဘုရား)။

## အနာဂတ်အကျိုးရှစ်ပါး

အဲဒီတော့ အနာဂတ်အကျိုးမှာလည်း ရှစ်ပါး မလာပေ ဘူးလား . . . (လာပါတယ်ဘုရား) ဒီသုံးခုနဲ့ ရောလိုက်ဗျာ၊ ဒီအပေါ်က ငါးခုနဲ့ . . . (တင်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတွေ ရှေးဘဝက တပည့်တော် ဘာများဖြစ်ခဲ့ပါသိမ့်မလဲ ဘုရားလို့ မေးဖို့ မလိုဘူးလား . . .

(လိုပါတယ်ဘုရား) ဒီသစ္စာ . . . ဒီသစ္စာ . . . ဒီသစ္စာ. . . ဒီသစ္စာ ဒါပဲ လုပ်ခဲ့တယ် . . . (တင်ပါ့) မဂ္ဂသစ္စာပါဖူးကြရဲ့လား . . . (မပါ ဖူးပါဘုရား) နိရောဓသစ္စာ . . . (မပါဖူးပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာက မီးပဲ သမုဒယသစ္စာက မီး၊ ဒုက္ခသစ္စာက ခန္ဓာဖြစ်သောကြောင့် ထင်း. . . (တင်ပါ့) ထင်းနဲ့ မီးချည်းပဲ လုပ်ခဲ့တယ်၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

မီးငြိမ်းကြောင်းနဲ့ မီးသေတဲ့နေရာဌာန လုပ်ဖူးကြရဲ့လား . . . (မလုပ်ဖူးပါဘုရား)။

ဒါဖြင့် လွဲလိုက်တာကို လွန်နေပြီ ဆိုတာကော မပေါ်ကြဘူးလား . . . (ပေါ်ပါပြီဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ထင်းနဲ့မီးကလည်း ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့ ခန္ဓာကိုယ်ကြီးထဲမှာလည်း ဒုက္ခသစ္စာ ဒါ ထင်း. . . (မှန်ပါ့) ဒီထဲမှာ ဒါတွေပေါက်ပွားတော့၊ ကဲ. . . သခင်ဝတင်. . . ဘာသစ္စာလို့ဆိုမလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဆို သမုဒယသစ္စာနဲ့ ပေါင်းလိုက်တော့ မလောင်ဘူးလား . . . (လောင်ပါတယ်) သမုဒယက . . . မီး၊ ဒုက္ခက . . . ထင်း . . . (မှန်ပါ့)။

## မီးလောင်နေလို့ပြေးနေတာ

ဦးမြကြီး တိုင်းပြည်လှည့်ပြေးနေတာ ဘာပြုလို့ ပြေးနေတယ်ထင်သတုံး၊ ဦးမြကြီး ပြေးနေတာ ဘယ့်နှယ်ထင်ကြသလဲ မီးလောင်လို့ပြေးနေတာ၊ ဟိုလည်းစိတ်မချ၊ ဒီလည်း စိတ်မချနဲ့၊ လောဘမီး၊ ဒေါသမီး လောင်တော့ ခန္ဓာကြီးကတော့ အသက် ၇၀ ပြည့်နေပြီ၊ ပြေးနေလို့ကောင်းတုန်းပဲ သူက၊ ပြေးလောင်နေတာ၊ အတော်မဆိုးဘူးလား . . . (တင်ပါ့)။

ဦးသံဒိုင်တို့လို လူတွေက ဒီအတိုင်း မဟုတ်ဘူး၊ ဆွေးပြီးလောင်တယ်၊ ပြေးလောင်မဟုတ်ဘူး၊ ဆွေးလောင်တယ်၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ) အင်မတန်ဆိုးဝါးနေတယ်။

ဦးသန်းမောင်ကြီးက ဘယ်အလောင်ထဲကတုံး၊ ပြေးလောင်တာလား . . . ဆွေးလောင်တာလား . . . (ပြေးလောင်တာပါ) ပြေးလောင်မို့ ခြောက်မိုင်ပြေးလိုက်, ရှစ်မိုင်ပြေးလိုက်ပေါ့ . . . (တင်ပါ့ဘုရား)။

ကဲ . . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခုခန္ဓာထဲမှာ အခုအချိန်ပဲ တရားကို သိနေတဲ့ ဉာဏ်ကလေးပါတယ်၊ ကျန်တဲ့အချိန်မှာ မီးနဲ့ သူနဲ့ တွဲလောင်နေတယ်၊ ဦးသန်းမောင် . . . (မှန်ပါ့)။

ကားနဲ့သွားတာတောင် နွေးတယ်ထင်ပြီးတော့ လောင်ချက် ဘယ်လောက်ပြင်းတယ် ထင်သလဲ၊ မပြင်းဘူးလား . . . (ပြင်းပါတယ်ဘုရား) လေယာဉ်ပျံနဲ့သွားရော . . . (တင်ပါ့)။

## လောင်ချက်ပြင်းလွန်းလို့

ဟ. . . ဘယ့်နှယ်ကြောင့်တုံးဆိုတော့ လောင်ချက်ပြင်းလွန်းလို့ အပြေးမြန်တာ၊ သဘောပါပလား . . . (ပါ-ပါတယ်) ခု ဟသ်ာတက လာစောင့်နေတာ ဒကာကြီးဟာ အတော်ကြာသွားပြီ၊ အတော်များ လောင်နေရော့လား၊ မလောင်ဘူးလား . . . (လောင်ပါတယ်) ဟော့. . . မောင်ထွန်းအောင်တို့ သဘောပါကြရဲ့လား . . . (ပါ-ပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ လွန်လေပြီးသော အတိတ်ကာလက ဘာသစ္စာလုပ်ခဲ့သတုံး . . . (သမုဒယသစ္စာလုပ်ပါတယ်) အခုဘဝမှာ ဘာသစ္စာတွေ ပေါ်နေသတုံး. . . (ဒုက္ခသစ္စာတွေပေါ်နေတယ်)။

ဟော . . . ပစ္စုပ္ပန်အကျိုးတဲ့၊ ဒုက္ခသစ္စာတွေ ပေါ်နေတယ်။

ဘုန်းကြီးတရားကို မလိုက်နာတော့ဘူး၊ သူ့အတိုင်းထားလိုက်ရင်တော့ ခင်ဗျားတို့ ဘဝဟာဖြင့် ဒီဆရာသမားနဲ့ မတွေ့ရင် ရှုံးပြီ၊ အားလုံး ဒကာ ဒကာမတွေ ဆရာကောင်းသမားကောင်းမတွေ့ရင် ဘယ့်နှယ်ဆိုကြမလဲ . . . (ရှုံးပြီ) အချိန်မီသေးသနော် ဦးမြ . . . (မှန်ပါ့)။

ဒကာ ဒကာမတွေ အခုဘုန်းကြီး ဘာဆုံးမ သလဲ. . . (အချိန်မီတယ်) အချိန်မီသေးတယ်လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့)။

အချိန်တော့ မီပါရဲ့ ဘုရား၊ တပည့်တော်တို့က ကိစ္စတွေက သိပ်များတယ်ဆိုပြီး ကိုယ့်ကိုယ်ကို လုံ့နဲ့ မထိုးလိုက်ပါနဲ့၊ ကိစ္စတွေ သိပ်များတယ်ဆိုတာ တပည့်တော် မလုပ်နိုင်ဘူးပြောတာ . . . (မှန်လှပါ) မလုပ်နိုင်ဘူး ပြောတော့ ဒါပဲ လုပ်နိုင်တယ်ပြောတယ်၊ ဒကာ ဒကာမတွေ ၃-နံပါတ်ပဲ လုပ်နိုင်တယ်ပြောတယ်။

ဒီနေရာ မလုပ်နိုင်ဘူးဆိုတော့ ဒီဟာတော့ လုပ်နိုင်တယ် ပြောတယ် . . . (မှန်လှပါ) မဂ္ဂသစ္စာတော့ မလုပ်နိုင်ဘူး၊ သမုဒယသစ္စာတော့ .... (လုပ်နိုင်ပါတယ်) ဟ. . . မောင်ကိုတို့ . . . ဦးမြတို့ . . . ဘယ်လောက် မနာဘူးလား (နာပါတယ်ဘုရား)။

## ဖြတ်လမ်းလုပ်ဖို့လိုတော့တယ်

ဒါကြောင့် ခင်ဗျားတို့ ဦးမြတို့ အသက် ၇၀,လည်း ပြည့်နေပြီ၊ ဦးသံဒိုင်လည်း ကြီးပြီ၊ ဦးမာဒင်လည်းကြီးပြီ၊ အခုအချိန်မှာ ဖြတ်လမ်းပဲ လုပ်ဖို့ လိုတော့တယ် . . . (မှန်ပါ့) ဒကာ ဒကာမတွေ ဘာလိုကြသလဲ . . . (ဖြတ်လမ်းလုပ်ဖို့ လိုပါတယ်)။

ဖြတ်လမ်းပဲ လုပ်ဖို့လိုတော့တယ်၊ ဖြည်းဖြည်းမှ ဖြတ်ချင်သလား၊ မြန်မြန်ဖြတ်ချင်သလား . . . (မြန်မြန်ဖြတ်ချင်ပါတယ်) အပြောနဲ့ဖြင့် ဒီလို မလုပ်ကြပါနဲ့တဲ့၊ ဒီလို မလုပ်ကြပါနဲ့ ဒကာ ဒကာမတို့။

## ရှုပ်မနေနဲ့ မြန်မြန်လုပ်ကြစမ်းပါ

ဟော့ . . . ဆန်းဦးညွန့်ကြီး မြန်မြန်လုပ်မှရမယ် . . . (မှန်ပါ့ဘုရား) မြန်မြန်လုပ် ရှုပ်မနေနဲ့၊ မြန်မြန်လုပ်ကြစမ်းပါ။

နို့မို့လို့ရှိရင် ဟောဒီ အဝိဇ္ဇာနဲ့ တဏှာဟာ ပုံတောင်း (မှန်ပါ့) ပုံတောင်းဆိုတာ အခုအခါတော့ စက်လည်တဲ့ ဘောကြီးပဲ၊ သူက လှည့်ပေးနေတာ၊ သူကလှည့်ပေးလိုက်တဲ့ အခါကျတော့ ဒီလို ဒီအတိုင်း မလည်ပေဘူးလား . . . (လည်ပါတယ်ဘုရား)။

ဟောဒီ သင်္ခါရတွေက မမြင်ဘူးလား ဒီမှာ ပြထားတာ ဒေါက်တွေပေါ့၊ ဒါတွေ ဒေါက်တွေပဲ၊ သူတို့က ဒေါက်တွေမှာ ဘယ်သူ အုပ်ချုပ်ထားတုံးဆိုတော့ ဇရာ မရဏ အကွပ်ကြီးက ဒီကနေ ကွပ်ထားတော့ ခင်ဗျားတို့မှာ ပုံတောင်းရယ်၊ ဒေါက်ရယ်၊ အအိုရယ်၊ အသေရယ်၊ အကွပ်ကြီးနဲ့လည်နေကြတယ်၊ အကောင်းပါသေးရဲ့လား . . . (မပါ-ပါဘုရား)။

အဲဒီထဲမှာ ဒါကြီးနဲ့ လည်နေရတဲ့အထဲမှာ သားဝန်၊ သမီးဝန်၊ ဆွေဝန်၊ မျိုးဝန်၊ မင်းဝန်၊ စိုးဝန်တွေကလည်း ထမ်းနေရသေးတယ်၊ လမ်းကလည်း ၉၆ ပါး လမ်းကြမ်းထဲမှာ ဒကာဒကာမတွေ သွားနေတယ် . . . (တင်ပါ့ဘုရား) ဘယ်လမ်းလဲ (၉၆ ပါး လမ်းကြမ်းကြီးမှာ သွားနေတယ်) ၉၆ ပါး လမ်းကြမ်းထဲမှာ သားဝန်၊ သမီးဝန် . . . ဆွေဝန်၊ မျိုးဝန် စိတ်မချလက်မချ ထမ်းပြီးသွားနေတယ် . . . (မှန်ပါ့)။

လမ်းကလည်း လမ်းကြမ်း၊ ဝန်ကကော ဝန်လေး၊ လမ်းက . . . (လမ်းကြမ်း) ဝန်ကကော . . . (ဝန်လေး) ဖြည်းဖြည်း သွားရသလား၊ ပြေးပြေးသွားရသလား . . . (ဖြည်းဖြည်းသွား) ဖြည်းဖြည်းသွား မရောက်ဘူး . . . (မှန်ပါ့) အသွားမြန်မြန် . . . (မှန်ပါ့) မင်းတို့ဒါကြောင့် ဖျင်းနေတာ၊ စီးပွားရေးဒါကြောင့် မင်းတို့ချို့တဲ့နေတာ၊ အသွားသုတ်သုတ်၊ အပြန်သုတ်သုတ်ဆိုတာ မကြားဖူးဘူးလား . . . (တင်ပါ့) အောင်မာဒကာ ဒကာမတို့ကို ဆုံးမနေတာ . . . (မှန်ပါ့) ဒီလိုဆုံးမပြီးသကာလ ဦးမြတို့ကျတော့ မဆုံးမရဘူး၊ ကိုယ့်ဟာကိုယ်ပြေးနေတယ်။

အဲဒီတော့ ၉၆-ပါး လမ်းကြမ်းမှာ သားဝန်၊ သမီးဝန်၊ ဆွေဝန်၊ မျိုးဝန်၊ မင်းဝန်၊ စိုးဝန်တွေ ထမ်းပြီးပြေးတော့ ဒကာဒကာမတွေပြေးတော့ လမ်းမှာ ဟပ်ထိုးလဲ သေကြတယ် . . .

(မှန်ပါ့) ဘယ်လောက်ကြောက်စရာကောင်းသလဲ . . . (တင်ပါ့)။

နောက်ဘဝ ထလာပြန်တော့လည်း ဒီဟပ်ထိုးလဲနဲ့ပဲ သေတာပဲ . . . (မှန်ပါ့) နောက်ဘဝ ထလာပြန်တော့ကော (ဟပ်ထိုးလဲနဲ့ပဲ သေတာပဲ) ဘယ်သူကများ ခင်ဗျားတို့ထူပေးမည့်သူ၊ မ,ပေးမည့်သူရှိသတုံး . . . (မရှိပါဘုရား) အဲဒီ မဂ်ပဲ အကူအညီကိုရတယ် ဒကာ ဒကာမတို့ ဒိပြင်ဘုန်းကြီးတို့ ဘာမျှ မတတ်နိုင်ဘူး။

## နိဗ္ဗာန်ရောက်အောင်ထမ်းမခေါ်နိုင်ဘူး

ဘုရားဟာ ရာဟုလာ သူ့သား မဟုတ်ဘူးလား. . . (မှန်ပါ့) သူ့ဟာသူ ထမ်းခေါ်နိုင်ရဲ့လား . . . နိဗ္ဗာန်ကို . . . (မခေါ်နိုင်ပါဘုရား) ရာဟုလောဝါဒသုတ် . . . ရာဟုလာ ဆုံးမတဲ့ သုတ်ဆိုပြီး ဟောရပြန်တယ်၊ မင်း ဒီသုတ်ကို ဒီအတိုင်း နှလုံးသွင်းပါဆိုပြီး သွင်းလိုက်တော့မှ သူ့ဟာသူလိုက်ရတာကိုး။

ဒီမှာလည်း ဘုန်းကြီးက နည်းသာပေးတတ်တယ်၊ ခင်ဗျားတို့ အားလုံးသော ပုဂ္ဂိုလ်တွေကို နိဗ္ဗာန်ရောက်အောင် ထမ်းမခေါ်နိုင်ဘူး . . . (မှန်လှပါဘုရား)။

ကြည်ညိုကြပါတယ်၊ ခင်ဗျားတို့ ဆရာသမားလည်း အားကိုးပါတယ်၊ အားကိုးပေမယ့်လို့ ထမ်းခေါ်နိုင်တဲ့ ဆရာ

သမား မဟုတ်ဘူး . . . (မှန်ပါ့) ဘုရားမှ မခေါ်နိုင်ဘဲနဲ့ ဘုန်းကြီးတို့က ဘယ်ခေါ်နိုင်ပါ့မလဲ . . . (မခေါ်နိုင်ပါဘုရား)။

## ခင်ဗျားတို့ဉာဏ်နဲ့ခင်ဗျားတို့လိုက်ရမယ်

မခေါ်နိုင်တော့ ခင်ဗျားတို့ ဉာဏ်နဲ့ ခင်ဗျားတို့ လိုက်ရမယ် . . . (မှန်ပါ) ဉာဏ်တော့ ပေးမယ်၊ မရ . . . မရှိရဘူး၊ ဉာဏ်တော့ သေသေချာချာရမယ်၊ ဒကာ ဒကာမတို့ စွဲစွဲမြဲမြဲ ကလေးသာ မှတ်ပါ။ ဉာဏ်သေသေချာချာရမယ် . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့ပြတဲ့ကာကဖြင့် အတိတ် ဘဝက ဘာသစ္စာနဲ့ သေခဲ့ကြသတုံး . . . (သမုဒယသစ္စာနဲ့ပါ ဘုရား) ဒါ . . . အတိတ်ပေါ်နေပြီနော် . . . (မှန်ပါ့)။

ယခုဘဝ ဘာသစ္စာရထားသတုံး . . . (ဒုက္ခသစ္စာ ရထားပါတယ်)။

အင်း . . . အခု သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ဘာသစ္စာလုပ်ပြန်သတုံး . . . (သမုဒယသစ္စာလုပ်ပါတယ် ဘုရား) အင်း . . . သေသည်၏ အခြားမဲ့၌ ဘာဖြစ်မှာတုံး (ဒုက္ခသစ္စာဖြစ်မှာပါ) ဒီဒုက္ခနဲ့ သေရတဲ့လူဟာတဲ့ မသိတဲ့ အဝိဇ္ဇာလာ, မလာ . . . (လာပါတယ်ဘုရား)။

ဒါဖြင့် ဒီဘက်က ပြန်ပတ်မယ် ၁-နံပါတ် ပြန်ရောက်မယ် . . . (ရောက်ပါတယ်ဘုရား) မရောက်ပေဘူးလား. . . (ရောက်ပါတယ်) ၁-နံပါတ် ပြန်ရောက်တယ်ဆိုရင် ၂-ကူးမှ ကူးပါ့မလား . . . (ကူးပါတယ်ဘုရား) ဒီအဆက်က ပြနေတယ် သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ . . . ဒီလိုပဲ အဝိုင်းပြေးပြေးနေတော့မလား၊ ဖြတ်မလား . . . (ဖြတ်ပါမယ်ဘုရား) ရှင်းကြရဲ့လား . . . (ရှင်းပါတယ်ဘုရား) အဟုတ်ဖြတ်မှာလား . . . ခင်ဗျားတို့ အဟုတ်ဖြတ်ရင်တော့ နည်းပေးရမယ် . . . (တင်ပါ့ဘုရား) အဟုတ်ဖြတ်ရင်တော့ နည်းပေးရမယ်၊ နို့မို့ရင်တော့ နည်းကို မပေးနိုင်ဘူး၊ သဘောပါကြရဲ့လား . . . (ပါ-ပါတယ်ဘုရား)။

**ကဲ . . . ယနေ့ ဒီတွင်တော်ကြဦးစို့။**

**သာဓု . . . သာဓု . . . သာဓု. . .။**